# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၆၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

### အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိအောင် ကြိုးစားဆောင်ရွက်

နေပြည်တော် ဇွန် ၂၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားကစားအဆင့်အတန်း မြင့်မားဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်က အားပေးပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားဆိုသည့် ဝေါဟာရကို နိုင်ငံတကာအဘိဓာန်များက **“ယှဉ်ပြိုင်မှုရှိသော ရုပ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်မှုပုံစံအားလုံးကို အားကစား”** ဟု အဓိပ္ပာယ်ဖွင့်ဆိုကြကြောင်း၊ အားကစား၏ရည်မှန်းချက်သည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုကို ရှေးရှုသည် ဆိုသော်လည်း ယခုအခါအားကစားသည် တစ်ဦးချင်းယှဉ်ပြိုင်ရသည့် ပြိုင်ပွဲမှသည် လူပေါင်းရာထောင်ချီပါဝင်သည့် ပြိုင်ပွဲများ၊ ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသည့် အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက်ရှိနေပြီဖြစ်ကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေခြင်းဖြစ်သည့်အတွက် **“အားကစားပြိုင်ပွဲများကို လက်နက်မပါသောတိုက်ပွဲများ”** ဟု တင်စားလာနေကြပြီဖြစ်ကြောင်း။

### အားကစားအဆင့်အတန်းမြင့်မားရေး ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားကစားအဆင့်အတန်း မြင့်မားဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်က အားပေးပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း **“အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့်ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်”** ဟု လမ်းညွှန်ထားရှိကြောင်း၊ ယခုပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရည်ရွယ်ချက်(၅)ရပ် သတ်မှတ်ပြီး ကျင်းပခြင်းဖြစ်သည့်အတွက် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲကြီး အောင်အောင်မြင်မြင်နှင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

**✻ အားကစား၏ရည်မှန်းချက်သည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှုကို ရှေးရှုသည်ဆိုသော်လည်း ယခုအခါအားကစားသည် တစ်ဦးချင်းယှဉ်ပြိုင်ရသည့် ပြိုင်ပွဲမှသည် လူပေါင်းရာထောင်ချီပါဝင်သည့် ပြိုင်ပွဲများ၊ ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသည့် အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက်ရှိနေပြီဖြစ်၊ အားကစားအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေခြင်းဖြစ်သည့်အတွက် “အားကစားပြိုင်ပွဲများကို လက်နက်မပါသောတိုက်ပွဲများ” ဟု တင်စားလာနေကြပြီဖြစ်**

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို ဖော်ညွှန်းသည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့၊ မျိုးချစ်စိတ်ဓာတ်နှင့် နိုင်ငံ့အရေးတို့ကိုဖော်ကျူးသည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကဲ့သို့ နိုင်ငံတော်အဆင့် အခမ်းအနားကြီးများကို အောင်အောင်မြင်မြင် ခမ်းခမ်းနားနားကျင်းပနိုင်ခဲ့သလို ဘာသာသာသနာတော်နှင့်စပ်လျဉ်း၍လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုကိုလည်း ကမ္ဘာသိကျက်သရေမင်္ဂလာနှင့် တင့်တယ်သော ဂုဏ်ထူးဝိသေသများနှင့်အတူ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းသော မျိုးဆက်သစ်ပညာတတ်လူငယ်လူရွယ်များ အနာဂတ်နိုင်ငံတော်တွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရေး ရည်ရွယ်လျက် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားအားကစားပွဲတော်ကြီးကိုလည်း ယခင်ကျင်းပခဲ့သည့် နိုင်ငံတော်အဆင့်အခမ်းအနားများနည်းတူ ခမ်းနားထည်ဝါစွာ ကျင်းပရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်အတွက် ယခုအစည်းအဝေးကို တက်ရောက်လာကြသည့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် ကော်မတီများမှ တာဝန်ရှိသူများက လိုအပ်သည့်အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ပြိုင်ပွဲတစ်ခုလုံးနှင့်ပတ်သက်သည့် ကုန်ကျစရိတ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား၊ ပြိုင်ပွဲပုံစံ၊ ပြိုင်ပွဲအားကစားနည်းများနှင့် အထိမ်းအမှတ်အရုပ်သတ်မှတ်ရေး စသည့်ကိစ္စရပ်များကို ယခုအစည်းအဝေးတွင် ဆွေးနွေးသွားကြရန်လိုကြောင်း၊ အလားတူ အမျိုးသားအားကစားပွဲတော်တွင် မသန်စွမ်းအားကစားပြိုင်ပွဲများနှင့် ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ရရှိသူများကို ဆုချီးမြှင့်ရာတွင် ဆုတံဆိပ်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် ပေးအပ်လေ့ရှိသည့် လာဘ်ကောင် (MASCOT) ကို ပူးတွဲပေးအပ်နိုင်ရေးတို့ကိုလည်း မူအနေဖြင့် ရရှိပြီးဖြစ်၍ ဆွေးနွေးပေးကြရန်လိုကြောင်း။

### အောင်မြင်မှုများရရှိအောင် ကြိုးစားဆောင်ရွက်

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်သည် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာရေး ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်သည့်အတွက် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် ချမှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်၊ အသက်ကန့်သတ်ချက်နှင့် အားကစားနည်းစနစ်များကို အသေးစိတ်လေ့လာ ပြင်ဆင်ဆောင်ရွက်ကြရန်၊ ပြိုင်ပွဲများ ယှဉ်ပြိုင်သည့်အခါ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိအောင် ကြိုးစားဆောင်ရွက်သွားရန်နှင့် ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးကိုယ်စားပြုအသင်းများမှ တာဝန်ရှိသူများကလည်း အားကစားနည်းများအလိုက် စနစ်တကျလေ့ကျင့်ပေးရန်လိုကြောင်း၊ အလားတူပြိုင်ပွဲများကို ကြီးကြပ်ဆောင်ရွက်ကြမည့် ဒိုင်၊ ဂျူရီများအနေဖြင့် ဘက်လိုက်မှုကင်းကင်းနှင့် တရားမျှတစွာ ဆုံးဖြတ်ဆောင်ရွက်ကြရန်၊ အားကစားပြိုင်ပွဲများ ပြိုင်ဆိုင်မှုပြင်းထန်သည့်အတွက် အငြင်းပွားဖွယ်ရာကိစ္စရပ်များပေါ်ပေါက်လာပါက ခုံသမာဓိအဖွဲ့များက စနစ်တကျကြီးကြပ်ဆုံးဖြတ်နိုင်ရေး စီမံဆောင်ရွက်ထားကြရန် လိုကြောင်း။

အမျိုးသားအားကစားပွဲတော်ကြီး အနှစ်သာရရှိရှိ၊ ရည်မှန်းချက်များအတိုင်း အောင်မြင်စွာကျင်းပနိုင်ရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ထို့ပြင် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပနေဆဲကာလအတွင်း လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးသည် အရေးကြီးဆုံးဖြစ်သည့်အတွက် အားလုံးက လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် အလေးထားလိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပြိုင်ပွဲကာလအတွင်း ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ တည်းခိုကြမည့်နေရာများတွင် စနစ်တကျရှိစေရေး၊ စိတ်အေးချမ်းသာစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး စသည့်ကိစ္စရပ်များတွင် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများအနေဖြင့် အသေးစိတ်စီမံဆောင်ရွက်သွားကြရန် လိုကြောင်း။

**❑ အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပနေဆဲကာလအတွင်း လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးသည် အရေးကြီးဆုံးဖြစ်သည့်အတွက် အားလုံးက လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် အလေးထားလိုက်နာဆောင်ရွက်ကြရန် လိုအပ်၊ ပြိုင်ပွဲကာလအတွင်း ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ တည်းခိုကြမည့်နေရာများတွင် စနစ်တကျရှိစေရေး၊ စိတ်အေးချမ်းသာစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး စသည့်ကိစ္စရပ်များတွင် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများအနေဖြင့် အသေးစိတ်စီမံဆောင်ရွက်သွားကြရန်လို**

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက တစ်ဦးချင်းတစ်ယောက်ချင်း ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ တာဝန်ယူဆောင်ရွက်ကြမည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် စီမံချက်ပါလုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များပေါ်ပေါက်လာပါကလည်း အရန်အနေဖြင့် ဖြေရှင်းနိုင်ရန် စီမံချက်တွင် ထည့်သွင်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ပြိုင်ပွဲအမျိုးအစား သတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ဆုချီးမြှင့်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားများကို ခေတ်ကာလနှင့် လျော်ညီစွာ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်လျာထားချက်များနှင့် အမျိုးသားအားကစားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီနှင့် ခုံသမာဓိဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/ ၂၀၂၄)ကြိမ်မြောက် အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် သုံးခုကို ခွင့်ပြု

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၆/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ သတ္တုတူးဖော်ရေး ကဏ္ဍတို့မှ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ် သုံးခုကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၁၄၆ သန်းနှင့် ကျပ်သန်း ၂၇၅၀၀ ဖြစ်၍ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၀၆ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။



၂၀၂၄ ခုနှစ်၊ မေလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စောင့်ကြည့်အကဲဖြတ်စိစစ်ရေး လုပ်ငန်းကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စောင့်ကြည့်အကဲဖြတ်စိစစ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် လုပ်ငန်း ကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် အဓိကရည်မှန်းချက်များမှာ ကလေးများကို ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အထူးသဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများ လျော့နည်းပပျောက်စေရန်နှင့် ထိရောက်စွာ တားဆီးကာကွယ်ရန်၊ ဥပဒေအရ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရှိသည့်ကလေးအလုပ်သမားများကို ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန်၊ အန္တရာယ်ရှိသည့် အလုပ်နှင့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများကို ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည် အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေးတို့ကို စီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီ၏ အမျိုးသားအဆင့် ပထမငါးနှစ်လုပ်ငန်းစီမံချက်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ဒုတိယငါးနှစ်လုပ်ငန်းစီမံချက်အပေါ် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး လုပ်ငန်းကော်မတီဝင်များနှင့် တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ အရုဏ်ဦးက စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆုံးဖြတ်ရမည့် အချက်များကို အတည်ပြုချက်ရယူပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မူဆယ်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ပြုလုပ်

**မူဆယ် ဇွန် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အ.ထ.က(၂) ကျောင်း၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။

ဦးစွာ မူဆယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းက



အမှာစကား ပြောကြားသည်။ ထို့နောက် မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများ ပြုလုပ်ရသည့် ရည်ရွယ်ချက်များ၊ အိမ်တွင်းမှု ကျောင်းအုပ်ဆရာမကြီး က ဗဟုသုတရဖွယ် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာရန်၊ အကျိုးရှိသည့် စာပေများ ဖတ်ရှုလေ့လာပြီး မိမိဘဝအတွက် လက်တွေ့အသုံးချရန် ဟောပြောကြသည်။

ထို့နောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ဆုရကျောင်းသား ကျောင်းသူ ၁၈ ဦးအား တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရသည့် ပန်းချီနှင့်စာစီစာကုံးနှင့် ကျောင်းစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၂)ရပ်ကွက် အနန္တဂုဏ်ရည်မြစေတီအနီး၌ ဇွန် ၂၆ရက် နံနက်က ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို သစ်တောဦးစီးဌာနမှ ခရိုင်အဆင့်ကြီးမှူး ကျင်းပရာ ညောင်လေးပင်ခရိုင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်လင်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးလှမြင့်နှင့် တက်ရောက်လာကြသူများက စုစုပေါင်း ပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

မြို့နယ် (ပြန်/ဆက်)

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၈

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီ ငါးမျိုး စိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။**




အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများက မင်္ဂလာကန်အတွင်းသို့ ကြီးထွားနှုန်းမြန်ဆန်သည့် ငါးမြစ်ချင်းနှင့် ငါးခုံးမ သားပေါက်ကောင်ရေ ၃၅၀၀၀ ကျော် စိုက်ထည့်ပေးကြသည်။ (အပေါ်ယာပုံ)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြစ်၊ ချောင်း၊ ဆည်တမံများအတွင်း ငါးသယံဇာတများ တိုးပွားလာစေရေး၊ ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရေး၊ သဘာဝ ရေပြင်နှင့် ကန်များတွင် ငါးမျိုးများ ရေရှည်စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲပြီး ငါးသယံဇာတ ပေါကြွယ်ဝစေရေး၊ နိုင်ငံတော်၏ ငါးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရေးနှင့် သက်ရှိလူသားများနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား အချိုးညီစွာ တည်ရှိနေသော ဂေဟစနစ် ရေရှည်တည်တံ့နိုင်စေရေးအတွက် ရည်ရွယ်၍ ငါးမျိုးစိုက်ထည့်ပွဲများကို နှစ်စဉ် ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပပြုလုပ်သော (၁၂) ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ်သို့ တက်ရောက်

**နေပြည်တော် ဇွန် ၂၈**

ရုရှားနိုင်ငံ တရားရေးဝန်ကြီးဌာန တရားရေးဝန်ကြီး H.E. Honorable Mr.Konstantin A. Chuychenko ၏ ဖိတ်ကြားချက်အရ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပလျက်ရှိသော (၁၂) ကြိမ်မြောက် စိန့်ပီတာစဘတ်အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် (12th St. Petersburg International Legal Forum) သို့ တက်ရောက်ကြသည်။ (ဝဲပုံ)




(၁၂) ကြိမ်မြောက် စိန့်ပီတာစဘတ်အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် (12th St. Petersburg International Legal Forum) သို့ နိုင်ငံတကာမှ တရားသူကြီးချုပ်များ၊ ဥပဒေရေးရာဝန်ကြီးများ၊ တရားရေးဝန်ကြီးများ၊ ရှေ့နေ ရှေ့ရပ်များ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ဥပဒေပါမောက္ခများ၊ အပြည်ပြည်ဆိုင်ရာရှေ့နေများ၊ တရားရေးနှင့် ဥပဒေရေးရာဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

(၁၂) ကြိမ်မြောက် စိန့်ပီတာစဘတ်အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် (12th St. Petersburg International Legal Forum) ၏ Plenary Session ကို "Law as the Basis for Global Balance" ခေါင်းစဉ်ဖြင့် ကျင်းပသည်။

ဥပဒေရေးရာနှင့် တရားရေးဝန်ကြီးများ အစည်းအဝေး (Opening Meeting of Justice Ministers) တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာ ဝန်ကြီးဌာနသည် မဟာဗျူဟာစီမံချက်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တရားဥပဒေ စိုးမိုးရေးဆီသို့ ခေါင်းစဉ်ဖြင့် ရည်မှန်းချက် ၄ ရပ်ကို ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အထိ တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှုများ ပေးခြင်း ခေါင်းစဉ်ဖြင့် ရည်မှန်းချက် ၅ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မဟာမိတ်နိုင်ငံများနှင့် ရေရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ရေးသည် ဥပဒေရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်များအနက်မှ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာအရ ဥပဒေရေးရာစနစ်များ၊ ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံနှင့် သတင်းအချက်အလက် ဖလှယ်ခြင်းတို့တွင် အမြင်ချင်းဖလှယ်ဆောင်ရွက်နိုင်ရန် ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် မျက်နှာစုံညီဆွေးနွေးပွဲများ၊ ကျွမ်းကျင်သူများ အပြန်အလှန်ဖလှယ်မှုများဖြင့် နှစ်နိုင်ငံအဖွဲ့အစည်းနှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက် သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

(၁၂) ကြိမ်မြောက် စိန့်ပီတာစဘတ်အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် (12th St. Petersburg International Legal Forum) တွင် အပြည်ပြည်ဆိုင်ရာဥပဒေ၊ လူ့အဖွဲ့အစည်းနှင့် လူ့အခွင့်အရေး၊ နိုင်ငံ၏ဥပဒေနှင့် အချုပ်အခြာအာဏာ၊ ပြစ်မှုဆိုင်ရာဥပဒေများ၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာရပ်ဆိုင်ရာ ဥပဒေများ၊ စီးပွားရေးဆိုင်ရာ ဥပဒေများနှင့် တစ်ဖက်သတ် အရေးယူပိတ်ဆို့မှုများအပေါ် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာဥပဒေများ၊ အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ ဥပဒေများ၊ ဥပဒေပညာသင်ကြားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် မြို့ပြစီမံကိန်းများ၊ ဥပဒေဝန်ဆောင်မှု၊ စီးပွားရေးနှင့်ကုမ္ပဏီအုပ်ချုပ်မှုဆိုင်ရာ ဥပဒေများ စသည့်ဥပဒေဘာသာရပ်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ကျင်းပသော ဆွေးနွေးပွဲများသို့လည်း မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး ပါဝင်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Cooperation) ကို ၂၀၂၃ ခုနှစ် မေ ၁၂ ရက်တွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Coopera-tion) ကို ၂၀၂၃ ခုနှစ် မတ် ၂၂ ရက်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပြီး ဥပဒေရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ ဥပဒေရေးရာ ဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးထားသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစာချွန်လွှာကို အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲများသို့ ဆက်လက်တက်ရောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ကို ဂုဏ်ပြုသောအားဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဘားအံ ဇွန် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ကို ဂုဏ်ပြုသောအားဖြင့် အသိပညာပေးလုပ်ငန်းများကို ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးရုံးများမှ ဝန်ထမ်းများက ဇွန်လပထမပတ်မှစ၍ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ အသိပညာပေး ဆွေးနွေးပွဲ Talk Show လေးကြိမ်၊ ဘားအံမြို့နယ်အတွင်းရှိ အ.ထ.က (အိန္ဒူ)၊ အ.ထ.က (တရုပ် လှ)၊ အ.ထ.က(ကော့ကျိုက်)၊ အ.ထ.က (တောင်ကလေး) ကျောင်းများတွင် အပူချိန်ထိန်းညှိနည်းပညာတိုးတက်ရေး အလေးထား ဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ငါးကြိမ်၊ ဘားအံမြို့နယ်အတွင်းရှိ ဈေးများ၊ အအေးပေးပစ္စည်းအရောင်းဆိုင်များ၊ ဘားအံမြို့နယ်အတွင်းရှိ အထင်ကရ အပန်းဖြေနေရာများရှိ ခရီးသွားပြည်သူများနှင့် ဈေးရောင်းချသူပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အသက်(၁၈)နှစ်နှင့်အထက် အတည်ပြုလူဦးရေစာရင်းကိုလည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းနှင့် ပြိုင်တူတင်ပြ၍ နှိုင်းယှဉ်သုံးသပ်ပြီး တိကျမှန်ကန်သည့်မဲစာရင်းကို ထုတ်ပြန်နိုင်ရေးဆောင်ရွက်သွားမည်





**နေပြည်တော် ဇွန် ၂၈**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့်ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက သက်ဆိုင်ရာနယ်မြေများမှ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လာမည့်အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ရာ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရန် ကျန်ရှိသည့်စာရင်းများကိုလည်း ပူးတွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လိုအပ်ပါက စာရင်းကောက်ရမည့်ရက် တိုးမြှင့်ကောက်ယူနိုင်ရေးနှင့် လုံခြုံရေး အပြည့်အဝရယူ၍ ကောက်ယူဆောင်ရွက် နိုင်ရေးတို့အတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ဗဟိုကော်မတီအနေဖြင့် မြေပြင်ကွင်းဆင်း ကောက်ယူခဲ့သည့် စာရင်း အချက်အလက်များမှ သတ်မှတ်ကာလအပိုင်းအခြားတွင် အသက် (၁၈) နှစ်နှင့်အထက် အတည်ပြု လူဦးရေစာရင်းကိုလည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းနှင့် ပြိုင်တူတင်ပြ၍ နှိုင်းယှဉ်သုံးသပ်ပြီး တိကျမှန်ကန်သည့် မဲစာရင်းကို ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ဌာနအနေဖြင့်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြား တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက်လည်း ဥပဒေနှင့်အညီ ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ထုတ်ပေးလျက်ရှိရာ ယင်းလုပ်ငန်းစဉ် အောင်မြင်ရေး အတွက်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုအစည်းအဝေးတွင် ယခင်ကျင်းပခဲ့သည့် အစည်းအဝေး၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိအခြေအနေတွင် မဲစာရင်းမှန်ကန်ရေးအတွက် အတည်ပြု လူဦးရေစာရင်းများ သတ်မှတ်ကာလအတွင်း စိစစ်ပြုစုပေးပို့နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေး တင်ပြကြရန် တိုက်တွန်းပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် အတည်ပြု လူဦးရေစာရင်းများ အချိန်မီပေးပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဌာနအလိုက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့ဝင်များ၏ ကျန်းမာရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာညီလာခံသို့ တက်ရောက်




**နေပြည်တော် ဇွန် ၂၈**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းရှီးပြည်နယ် နန်းချန်းမြို့တွင် ဇွန် ၂၆ ရက် ညနေပိုင်းက ကျင်းပသည့်ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့ဝင်များ၏ ကျန်းမာရေးဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ပြီး ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ညီလာခံဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဇွန် ၂၇ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကျန်းရှီးပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ကျန်းရှီးပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယအတွင်းရေးမှူး Ye Jian-chun တို့က ညီလာခံကို ဖွင့်လှစ်ပေးကြပြီး ကျန်းရှီးပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် ကျန်းရှီးပြည်နယ် ကော်မတီအတွင်းရေးမှူး Yin Hong က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယနေ့ညီလာခံတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ တိုင်းရင်းဆေးနယ်ပယ်မှ တိုင်းရင်းဆေးပညာရှင်များ၊ ဆေးဝါးကွပ်ကဲရေး အဖွဲ့များမှ ပညာရှင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များအကြား တိုင်းရင်းဆေးနှင့်ပတ်သက်၍ ဘက်စုံကဏ္ဍစုံမှ စဉ်းစားသုံးသပ်မှုများ လုပ်ဆောင်ပြီး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ အထူးသဖြင့် သိပ္ပံနည်းကျသုတေသနတွင် ရင်းနှီးမြှုပ်နှံပြီး ခေတ်မီနည်းပညာများ အသုံးပြုခြင်းဖြင့် တိုင်းရင်းဆေးဝါးများ၏ အရည်အသွေး၊ ထိရောက်မှု၊ ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် သုံးစွဲနိုင်မှုတို့ကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာ၏ မူပိုင်ခွင့်ဆိုင်ရာ စံသတ်မှတ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းသည် အရေးကြီးကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သော ညီလာခံသည် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား တိုင်းရင်းဆေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်နားလည်ယုံကြည်မှု၊ တီထွင်ဆန်းသစ်မှုများဖြင့် ပိုမိုပူးပေါင်းဆောင်ရွက် သွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့အတူ မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ မောလ်ဒိုက်နိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်၊ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ ဒုတိယအတွင်းရေးမှူးချုပ်တို့ကလည်း အမှာစကားပြောကြားခဲ့ကြသည်။

ညီလာခံသို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံ၊ လေ့လာသူနိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးပညာရှင်များ၊ ဆေးဝါးကွပ်ကဲရေးအဖွဲ့များမှ ပညာရှင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၈**




အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး၊ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ CPU အဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ ရုံးခွဲတာဝန်ခံများနှင့် အရာထမ်း၊ အမှုထမ်းများက online ဖြင့် ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှု ဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်ကြရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကို အမြဲတမ်းအတွင်းဝန်ဦးဆောင်၍ ဖွဲ့စည်းထားရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ယနေ့အခမ်းအနားမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသော အသိအမြင်ဗဟုသုတများကို လေ့လာမှတ်သားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် အားလုံးတက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက ဆွေးနွေးပွဲများကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ ကော်မရှင်မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှုနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က အဂတိလိုက်စားမှု၏ သဘောသဘာဝများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်းများစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြီးမှူးကျင်းပသည့် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက တည်းခိုရေးစခန်း (ရွာတော်) ရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းက ဆွေးနွေးပွဲများမှရရှိသော အကြံဉာဏ်များဖြင့် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်၏ လိုအပ်သည့် နည်းပညာဆိုင်ရာအပိုင်းများတွင် ထပ်မံဖြည့်သွင်းပြီး ပိုမိုပြည့်စုံကောင်းမွန်သည့်စနစ်ဖြစ်စေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်များအနေဖြင့် အဆင့်ဆင့် စစ်ဆေးကြီးကြပ်ရန် တာဝန်ရှိသည့်အတွက် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်နှင့် စပ်လျဉ်းပြီး ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ ဆွေးနွေးပွဲမှရရှိသည့် အတွေ့အကြုံများနှင့် ရွေးကောက်ပွဲအတွက် တိကျမှန်ကန်သည့် မဲစာရင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။ (ဝဲပုံ)

အခမ်းအနားသို့ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲ ပထမအကြိမ်တွင် ဝန်ထမ်း ၁၅၄ ဦး၊ ဒုတိယအကြိမ်တွင် ဝန်ထမ်း ၁၇၂ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီက ကျင်းပပြုလုပ်သည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ အမှတ် – ၂ အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ နေပြည်တော် ကောင်စီ လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင်ဦးမြင့်စိုး၊ လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နေပြည်တော် ကောင်စီ လူငယ်ရေးရာကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက နိုင်ငံတော်အနေဖြင့် အရည်အချင်းပြည့်ဝသည့်လူငယ်များဖြစ်ရန် ကျောင်းနေအရွယ်အားလုံး Grade–9 အထိ အခမဲ့ ပညာသင်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူငယ်များသိသင့်သိထိုက်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိနားလည်စေရန်၊ လူငယ်နှင့်ပတ်သက်သည့် ကျင့်ဝတ်များ၊ စည်းကမ်းများကို သိရှိစေရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ဟောပြောဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အသိပညာ အတတ်ပညာ ကြွယ်ဝပြည့်စုံပြီး အကျင့်စာရိတ္တကောင်းမွန်သည့် လူတော်လူကောင်းများဖြစ်အောင် ကျင့်ကြံနေထိုင်ကြစေလိုကြောင်း ပြောကြားသည်။ (ယာပုံ)

ထို့နောက် နေပြည်တော် အမှတ်(၁)ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးမှ ရဲအုပ်မင်းထွေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မော်တော်ဆိုင်ကယ် စီးနင်းမှုဆိုင်ရာ စည်းကမ်းများကိုလည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစည်သူထွန်းက လူငယ်ရေးရာ အသိပညာပေး အကြောင်းအရာများကိုလည်းကောင်း ဟောပြောဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြသည်။



ယင်းနောက် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်သိန်းက ကလေးသူငယ် ဥပဒေအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမှတ်–၂ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးထံ အားကစားပစ္စည်းများပေးအပ်ကာ လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဉာဏ်စမ်းပဟေဠိ ဖြေဆိုနိုင်ကြသည့် ကျောင်းသား ကျောင်းသူများကို ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနား အပြီးတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ အသိပညာပေးနံရံကပ်စာစောင်များနှင့် ကျောင်းစာကြည့်တိုက်အတွင်း ပြသထားသည့် စာအုပ်စာစောင်များကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန် – တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတစ်နိုင်ငံ၏ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရသော အခြေခံပညာ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျ

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ/ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့တွင် အဆိုပါတက္ကသိုလ် ရတနာခန်းမ၌ ကျင်းပသည်။






အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးအောင်သော်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံ၏ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရသော အခြေခံပညာ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျပါကြောင်း။

သင်တန်းမှ ရရှိခဲ့သည့် အတွေ့အကြုံ ဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး ဆရာ၊ ဆရာမများ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် အတတ်ပညာများပြည့်ဝစေရန် ကြိုးစားကြပြီး တပည့်များကို နည်းမှန်လမ်းမှန်ဖြင့် လေ့ကျင့်ပျိုးထောင်ပေးကြရန်၊ အမျိုးသားပညာရည် မြင့်မားရေးကဏ္ဍကို ဝိုင်းဝန်းပူးပေါင်းမြှင့်တင်ဆောင်ရွက်ကြရန်နှင့် ပညာတတ်အောင် သင်ကြားပေးရုံသာမက ကိုယ်ကျင့်တရား ကောင်းမွန်ပြီး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိအောင်၊ လောကနီတိ၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်များကို စည်းကမ်းတကျလိုက်နာတတ်ပြီး ယဉ်ကျေးလိမ္မာသည့် ပညာတတ် နိုင်ငံ့သားကောင်းများ ဖြစ်လာအောင်၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြား ဆန်းစစ်နိုင်စွမ်းရှိအောင် "မိဘဆရာ ပူးပေါင်း ကလေးပညာကောင်း" ဆိုသည့်အတိုင်း တပည့်များ၏ ပညာရည်တိုးတက်မြင့်မားစေရေး ဆရာ၊ ကျောင်းသား၊ မိဘများ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၇၉ ဦး၊ သင်တန်းသူ ၃၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၅) သင်တန်းသား သင်တန်းသူများ၏ နိုင်ငံတော်နယ်နိမိတ်များ ခေတ်အဆက်ဆက် ပြောင်းလဲလာမှု သမိုင်းခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းတို့ကို အားပေးကြည့်ရှုပြီး ဆွေးနွေးမှုများအပေါ် သုံးသပ်အကြံပြုဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့နယ်၌ Drum Seeder စနစ်ဖြင့် မိုးစပါးစိုက်ပျိုးမှု လက်တွေ့ကွင်းသရုပ်ပြသ

**အုတ်တွင်း ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ပေါက်တောကျေးရွာရှိတောင်သူ ဒေါ်ခင်ငြိမ်း၏ကွင်းအမှတ်(၃၃၉)၊ ဦးပိုင်အမှတ်(၃)၊ လယ်ယာမြေခုနစ်ဧကတွင် ယနေ့နံနက်ပိုင်းက Drum Seeder စနစ်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို လက်တွေ့ကွင်းသရုပ်ပြသ ဆောင်ရွက်သည်။



အဆိုပါ Drum Seeder စနစ်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း လက်တွေ့ကွင်းသရုပ်ပြခြင်းကို ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး/ မွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**

## ဘားအံမြို့ပေါ်ရှိ လိုင်စင်ရစက်သုံးဆီအရောင်းဆိုင်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေး

**ဘားအံ ဇွန် ၂၈**

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ကရင်ပြည်နယ် ကြီးကြပ်စစ်ဆေးရေး အရာရှိရုံးနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ဇွန် ၂၇ ရက်က ဘားအံမြို့နယ်ရှိ လိုင်စင်ရ စက်သုံးဆီအရောင်းဆိုင်များကို ရှောင်တခင်ဝင်ရောက်စစ်ဆေးသည်။



ဘားအံမြို့နယ်ရှိ လိုင်စင်ရ စက်သုံးဆီအရောင်းဆိုင် သုံးဆိုင်ကို ရှောင်တခင်စစ်ဆေးရာတွင် စက်သုံးဆီများကို အများပြည်သူ ဝယ်ယူဖြည့်တင်းရာ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချခြင်းရှိ/မရှိ၊ အခြင်အတွယ် မှန်ကန်မှု ရှိ/မရှိ၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကြိုတင်ကာကွယ်ရေးအစီအမံများ စနစ်တကျ ဆောင်ရွက်ထားမှု ရှိ/မရှိ တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချနေကြောင်း၊ အခြင်အတွယ် ပြည့်မီမှန်ကန်မှုရှိကြောင်း စစ်ဆေးတွေ့ရှိရကာ ရှောင်တခင်စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ်တွင် အရောင်းဆိုင် ငါးဆိုင်၊ ၂၀၂၃ ခုနှစ်တွင် အရောင်းဆိုင် တစ်ဆိုင်တို့ကို သတ်မှတ်ရည်ညွှန်းဈေးထက် ကျော်လွန်ရောင်းချနေကြောင်း စိစစ်တွေ့ရှိခဲ့သဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေစီမံခန့်ခွဲရေး နည်းလမ်းအရ ဒဏ်ကြေးသတ်မှတ်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❐ *ကျောဖုံးမှ*

နိုင်ငံပိုင်ဘဏ်များအပါအဝင် ပြည်တွင်းဘဏ်များအားလုံး အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ အချက်အလက်များအား သေချာစွာ စိစစ်ရယူခြင်းဆိုင်ရာ Due Diligence Procedure များကို တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံပိုင်ဘဏ်များအပါအဝင် ပြည်တွင်းဘဏ်များအားလုံး၏ အပြည်ပြည်ဆိုင်ရာ အဆက်အသွယ်ဘဏ်များအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပငွေကြေးလွှဲပြောင်းမှုများကို ဆောင်ရွက်ပေးရာတွင် လိုအပ်သည့် အထောက်အထားများအားရယူ၍ အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း (Enhanced Due Diligence – EDD) အား ကောင်းစွာဆောင်ရွက်လျက်ရှိပါသည်။

ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ စံသတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအစီရင်ခံစာများကို အာရှ–ပစိဖိတ်ပူးတွဲအဖွဲ့ (APJG) သို့ တင်ပြချက်များနှင့် မျက်နှာချင်းဆိုင် အစည်းအဝေးတွင် ဆွေးနွေးပြောဆိုချက်များအရ FATF နှင့် APJG တို့က အသိအမှတ်ပြုပြီး နှစ်စဉ်စံနှုန်းသတ်မှတ်ချက်အဆင့်များ တိုးမြှင့်ပေးခဲ့ခြင်းတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၉–၆–၂၀၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပငွေကြေးလွှဲပြောင်းမှုများမှာလည်း မြန်မာနိုင်ငံသားများအတွက် အဓိက မရှိမဖြစ်လိုအပ်သော အခြေခံကုန်စည်များဖြစ်သည့် ဆေးနှင့်ဆေးအထောက်အကူပြုပစ္စည်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စက်သုံးဆီ၊စားသုံးဆီများ တင်သွင်းမှုများအတွက် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဘဏ်များအနေဖြင့်ယင်းကုန်စည်များ တင်သွင်းခြင်းအတွက် ငွေပေးချေမှုများပြုလုပ်ရာတွင် ကုန်သွယ်မှုဆိုင်ရာ သက်သေခံစာရွက်စာတမ်းအထောက်အထားများရယူ၍ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ပါ၍ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုမှုများ ရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် အဆိုပါရေးသားချက်အပေါ် ပြင်းထန်စွာကန့်ကွက်ပါကြောင်း အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မြန်မာနိုင်ငံဘဏ်များအသင်း
နိုင်ငံပိုင်ဘဏ်များ
ပုဂ္ဂလိကဘဏ်များ
(၂၈–၆–၂၀၂၄)

# ကျွန်းစုမြို့နယ်အတွင်းဆောင်ရွက်မည့် Hydro နှင့် Solar စီမံကိန်းအတွက် ရှင်းလင်းတင်ပြသည့်အခမ်းအနားကျင်းပ

ထားဝယ် ဇွန် ၂၈

ကျွန်းစုမြို့နယ်အတွင်း ဆောင်ရွက်မည့် Hydro နှင့် Solar စီမံကိန်းအတွက် အကြိုစူးစမ်းလေ့လာမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် F.S Report အား New Myanmar Renewable Energy Co.,Ltd က လာရောက်တွေ့ဆုံရှင်းလင်းတင်ပြသည့်အခမ်းအနားကို ဇွန် ၂၇ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ကျွန်းစုမြို့နယ်အတွင်း ဆောင်ရွက်မည့် Hydro နှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်သော်လည်း လျှပ်စစ်မီးလုံလောက်မှုမရှိသေးကြောင်း၊ ယခင်က ကတန်ကျွန်းပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသေးသောကြောင့် မွေးမြူရေးနှင့် ရင်းနှီးမြှုပ်နှံမှုရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ကတန်ကျွန်းပေါ်တွင် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သဖြင့် လျှပ်စစ်လိုအပ်ချက်များပြားလာပါကြောင်း၊ ယခုဆောင်ရွက်မည့် Hydro နှင့် Solar မှ ထုတ်လုပ်မည့် လျှပ်စစ်လုပ်ငန်းကို ကြိုဆိုပါကြောင်း၊ ယခင်က တိုင်းဒေသကြီးအနေဖြင့် ဂတ်စ်တာဘိုင်ရရှိရေးဆောင်ရွက်ရာတွင် အခက်အခဲအမျိုးမျိုးကြုံတွေ့ရကြောင်း၊ ထားဝယ်ခရိုင်အတွင်းသာ လျှပ်စစ်မီးပေးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လျှပ်စစ်မီးဈေးနှုန်းသက်သာစွာ ရရှိရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကုမ္ပဏီအနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် New Myanmar Renewable Energy Co.,Ltd ၏ ကျွမ်းကျင်ပညာရှင်များက အကြိုစူးစမ်းလေ့လာမှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အင်းဝမြို့ဟောင်းကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေ

မန္တလေး ဇွန် ၂၈

**မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ အင်းဝမြို့ဟောင်းကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဆောင်ရွက်နေကြောင်း မန္တလေးဌာနခွဲမှ တာဝန်ရှိသူက ပြောသည်။**



အင်းဝမြို့ဟောင်းသည် အင်းဝခေတ်(နှစ်ပေါင်း ၄၀၀ ခန့်) က တည်ရှိခဲ့သည့် ရှေးဟောင်းမြို့တော်ဖြစ်၍ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းတင်သွင်းရာတွင် လိုအပ်သည့်အချက်အလက်များ ကောက်ယူခြင်းနှင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်းဖြစ်သည်။

"အင်းဝကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းဖို့ ဆောင်ရွက်ရာမှာ ယူနက်စကိုက သတ်မှတ်ထားတဲ့ Guide Line တွေ ပြည့်စုံအောင် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ဆောင်ရွက်နေပါတယ်။ အင်းဝမှာ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများရှိတဲ့ ဒေသနဲ့ ကာကွယ်တဲ့ ကြားခံဒေသ(Buffer Zone) မှာ ရှေးဟောင်းဘုရား၊ စေတီ၊ အဆောက်အအုံတွေ ဘယ်လောက်ရှိသလဲနဲ့ အဲဒါတွေရဲ့ နောက်ခံသမိုင်းကြောင်းတွေ ပြုစုနေပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ အင်းဝမြို့ဟောင်း၏ ရှေးဟောင်းနယ်မြေ ဧရိယာမှာ ၇ စတုရန်းမိုင် ကျယ်ဝန်း၍ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များရှိရာဒေသ (Property Area )နှင့် ကြားခံဒေသ( Buffer Area ) အတွင်းမှ ရှေးဟောင်းစေတီပုထိုးနှင့် အဆောက်အအုံပေါင်း ၉၆၁ ခုရှိပြီး ၎င်းတို့အနက် မှတ်တမ်းစာရင်း (Inventory) ပြုစုပြီးအရေအတွက်မှာ ၃၀၀ ဝန်းကျင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်းက ထိုင်းအဖွဲ့တွေ ရောက်လာပြီး ရှေးဟောင်းသစ်သားအဆောက်အအုံတွေကို လေ့လာကြတယ်။ အချက်အလက် ကောက်ယူတာတွေရှိတယ်။ Guide Line ထဲမှာ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုဘာတွေရှိသလဲဆိုတာပါတော့ ထိုင်း၊ တရုတ်၊ အီတလီ စတဲ့ပြည်ပနိုင်ငံများက လာရောက်သုတေသနလုပ်တာတွေကို ထည့်သွင်းတင်ပြရမှာပါ။ ကျွန်တော်တို့အတွက် အထောက်အကူရတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ခေတ်ပုံများပါသော လမ်းညွှန်မြေပုံများ စိုက်ထူခြင်း၊ ဘုရားတစ်ဆူစီနှင့် ရှေးဟောင်းအဆောက်အအုံများ၏ သမိုင်းကြောင်း ကောက်ယူမှတ်တမ်းပြုစုခြင်း၊ မြေပုံရေးဆွဲခြင်း စသည့် ယူနက်စကိုမှ သတ်မှတ်သည်များ ပြည့်စုံရန်ဆောင်ရွက်နေကြောင်း၊ နောက်ပိုင်းတွင် Tourism Network Road နှင့် Tourism Infrastructure များကို ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်းလည်းသိရ သည်။

**မောင်အေးချမ်း**

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးရေဒီယိုဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာအသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Studio (C)၌ ကျင်းပရာ ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်း အထက(၅)၊ ရန်ကုန်မြို့(သန်လျင်) အထက(၁)၊ ရန်ကုန်မြို့ (မရမ်းကုန်း) အထက(၂)၊ ရန်ကုန်မြို့(ဒဂုံ) အထက(၁)၊ ရန်ကုန်မြို့(သာကေတ) အထက (၂) တို့မှ ကျောင်းသား ကျောင်းသူ ငါးဦး ပါဝင်ယှဉ်ပြိုင်ကြသည်။



အဆိုပါပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ အလယ်တန်းနှင့် အထက်တန်းအဆင့် အသက် (၁၄) နှစ်မှ (၁၇) နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ငါးဦးက Round တစ်ခုလျှင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ပညာရပ်မေးခွန်း နှစ်ခုနှင့် ရေဒီယိုမှထုတ်လွှင့်သည့် အစီအစဉ်ပိုင်းဆိုင်ရာ မေးခွန်းနှစ်ခု စုစုပေါင်း မေးခွန်း လေးခုစီဖြင့် Round လေးခုတွင် ယှဉ်ပြိုင်ဖြေဆိုကြခြင်းဖြစ်သည်။

ထိုသို့ယှဉ်ပြိုင်ကြရာ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပထမဆုကို ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်း အထက(၅) Grade-12 မှ မောင်တေဇက လည်းကောင်း၊ ဒုတိယဆုကိုရန်ကုန်မြို့ (သန်လျင်) အထက (၁) Grade -10 မှ မမြတ်ရွှန်းလဲ့ခိုင်က လည်းကောင်း၊ တတိယဆုကို ရန်ကုန်မြို့(မရမ်းကုန်း) အထက(၂) Grade -11 မှ မောင်ကျော်မင်းခန့်က လည်းကောင်း၊ အထူးဆု နှစ်ဆုကို ရန်ကုန်မြို့(ဒဂုံ) အထက(၁) Grade -11 မှ မောင်ခန့်ဇင်ငြိမ်းနှင့် ရန်ကုန်မြို့ (သာကေတ) အထက(၂) Grade -11 မှ မနှင်းလဲ့ဝေဝေလွင်တို့က လည်းကောင်း ရရှိကြသဖြင့် ဆုရရှိကြသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(ဂီတ) ဦးကြည်ထွန်းနှင့် ညွှန်ကြားရေးမှူး (MI) ဒေါ်လိန်းမောင်းပန်တို့က ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပပုံကို (၂၉-၆-၂၀၂၄) ရက်နှင့် (၃၀-၆-၂၀၂၄) ရက်နေ့ည မြန်မာ့အသံရေဒီယိုမှ ပြည်တွင်းသတင်းများ ကြေညာအပြီးတွင် ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းအား အများပြည်သူ စိတ်ဝင်စားမှု ပိုမိုရရှိပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်စေရေး၊ အသိပညာမျှဝေလှုံ့ဆော်ခြင်းဖြင့် လူထုလူပ်ရှားမှု ရယူအားဖြည့်ပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပြိုင်ပွဲ (၅) ကြိမ် ကျင်းပလျက်ရှိရာ တစ်ကြိမ်စီမှ ပထမနှင့် ဒုတိယဆုရရှိသူ နှစ်ဦးစီဖြင့် စုစုပေါင်း ၁၀ ဦးအား ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်အတွင်းကျင်းပမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲတွင် ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကိုဇွန် ၂၆ ရက်က ကျိုက်မရောမြို့ပေါ်ရှိလူစည်ကားရာနေရာများ၌ ပြုလုပ်ရာ ကျိုက်မရောမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများက မြို့မဈေးကြီးရှေ့နှင့် လမ်းဆုံလမ်းဝများ၌ သွားလာနေကြသည့် ပြည်သူများထံ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ *ကျော်ဖုံးမှ*

ထို့နောက် သက်ဆိုင်ရာ သင်တန်းကျောင်းအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်း ခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁) မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များကို တွေ့ဆုံအမှာစကား ပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁) ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ် ဘာသာရပ်များကိုလည်းကောင်း၊ စစ်နည်းဗျူဟာဘာသာရပ်တွင် ပါဝင်သည့် ကိုယ်စီ စစ်မြေပြင်ကျွမ်းကျင်မှု၊ အဖွဲ့အလိုက်၊ တပ်စိတ်အလိုက် လေ့ကျင့်ခြင်း၊ ချီတက်မှုလေ့ကျင့်ခြင်း၊ အထူးစစ်နည်းဗျူဟာ၊ စစ်ဘက်ရေးရာလုံခြုံရေး၊ ချေမှုန်းရေးလေ့ကျင့်ခန်း စသည့်သင်ခန်းစာများကိုလည်းကောင်း စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြား လေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင် အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေး ဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ လေ့ကျင့်သင်ကြားခဲ့ကြရပြီး သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ နိုင်ငံ့သားကောင်းစစ်သည်များအနေဖြင့် အဖွဲ့အစည်း စိတ်ဓာတ်များ (Team Sprit)၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (TeamWork)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်များ ရရှိခဲ့ကြပြီး တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးသို့ သွားရောက်၍ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို လေးစားဂုဏ်ယူစွာဖြင့် ထမ်းဆောင်ကြတော့မည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁) တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုကြားသိရသည်...

စစ်သင်တန်း ပြီးဆုံးသွားခဲ့ပါပြီ။ ကျွန်တော်အခုဆိုရင် ပြည်သူ့စစ်မှုထမ်းရဲ့ အဆင့်မြင့် အခြေခံစစ်ပညာတွေ အကုန်လုံးကို တတ်မြောက်ပြီးသွားပါပြီ၊ ကျွန်တော်တို့ နှစ်နှစ်တာ တာဝန်ထမ်းဆောင်တဲ့ အချိန်မှာလည်း အကောင်းဆုံး ပေးဆပ်ပြီးတော့ တာဝန်ထမ်းဆောင်သွားမှာပါ။ နှစ်နှစ်တာ တာဝန်ပြီးဆုံးသွားတဲ့ အချိန်မှာလည်း တပ်မတော်က လိုအပ်လာခဲ့ရင် နိုင်ငံလူမျိုးအတွက် အချိန်မရွေး အသက်စွန့်ပြီးတော့ ကာကွယ်စောင့်ရှောက်သွားဖို့ ကျွန်တော်စဉ်းစားထားပါတယ်၊ ပြီးတော့ ကျွန်တော်အရင်ကထက်စာရင် နိုင်ငံအပေါ် ပိုပြီးတော့ ချစ်မြတ်နိုးတဲ့စိတ်တွေ၊ လူမျိုးအပေါ် ပိုပြီးချစ်မြတ်နိုးတဲ့ စိတ်တွေလည်း အများကြီးရှိလာခဲ့ပါတယ်၊ အခုလိုမျိုးအဆင့်မြင့် အခြေခံစစ်ပညာတွေကို သင်ကြားခဲ့ရတဲ့ အတွက်လည်း လွန်စွာပဲ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်၊ နောက်တက်လာမယ့် လူငယ်တွေအကုန်လုံးကို ပြောချင်တာကတော့ ကောလာဟလတွေ၊ အပြင်မှာ ကြားနေရတဲ့ သတင်းတွေကို မယုံကြည်ဘဲ ရဲရဲရင့်ရင့်နဲ့ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ဖို့အတွက် ကျွန်တော်က ဖိတ်ခေါ်လိုပါတယ်။

ကျွန်တော်တို့ အဖွဲ့အစည်း စိတ်ဓာတ်ရှိဖို့တွေ၊ စည်းလုံးညီညွတ်အောင် သင်တန်းကနေ အားလုံး တိုက်ရည်ခိုက်ရည် ပြည့်ဝမှုတွေအများကြီး သင်ကြားပေးပါတယ်၊ အဖွဲ့အစည်းစိတ်ဓာတ်ရှိအောင်လည်း သူငယ်ချင်းတွေနဲ့ သေနတ်ပစ်တဲ့အခါ၊ ချေမှုန်းရေးသွားတဲ့အခါ၊ ကိုယ်စီတိုက်တဲ့အခါမှာ အကုန်လုံး ညီညီညွတ်ညွတ်နဲ့ တိုက်ပွဲတစ်ခုအောင်မြင်အောင် တိုက်လို့ရတဲ့အထိ သင်ကြားပေးပါတယ်၊ အကုန်လုံးက စိတ်ဓာတ်နဲ့ ခံယူပြီးတော့ တိုက်ခိုက်မယ်ဆိုရင် ဘာပဲဖြစ်ဖြစ် အောင်မြင်မယ်လို့ ကျွန်တော်ယူဆပါတယ်၊ နောက်ထပ်နောက်ထပ်လာတက်ရောက်မယ့် ညီငယ်တွေကိုလည်း ဖိတ်ခေါ်ပါတယ်၊ ကျွန်တော်တို့လိုပဲ အကောင်းဆုံးကြိုးစားနိုင်တဲ့ နိုင်ငံသားစစ်သားကောင်းတစ်ယောက် ဖြစ်စေချင်ပါတယ်၊ ပြည်သူ့စစ်မှုထမ်းကို ဦးနှောက်ထဲမထားပါနဲ့၊ စစ်သားကောင်း တစ်ယောက်ဖြစ်အောင်လို့ပဲ ကြိုးစားစေချင်ပါတယ်၊ အထက်လူကြီးရဲ့ စကားကိုနားထောင်ပြီး ပေးအပ်တဲ့အမိန့်ကို တာဝန်ကျေပွန်စွာ ထမ်းဆောင်မယ်ဆိုရင် အောင်မြင်မယ်လို့ ကျွန်တော်ယူဆပါတယ်။

ကျွန်တော်ကတော့ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် ၁/ ၂၀၂၄ တက်ရောက်ခဲ့တာပါ၊ ဒီသင်တန်းကို နိုင်ငံတော်က ပြည်သူ့စစ်မှုထမ်းဥပဒေ အတည်ပြုပြီးတဲ့နောက် ကျွန်တော့်ဆန္ဒအရ ဝင်ရောက်ပြီး သင်တန်းကာလအတွင်းမှာလည်း အခြေခံစစ်ပညာရပ်များကို လေ့လာသင်ယူခွင့်ရခဲ့ပါတယ်၊ သင်တန်းတက်ရောက်ချိန်မှာ နေထိုင်ရေး၊ စားသောက်ရေး အကုန်လုံး အစစအရာရာ အဆင်ပြေပါတယ်၊ သင်ခန်းစာလေ့ကျင့်ချိန်မှာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအပေါ် ကာကွယ်စောင့်ရှောက်ခွင့်၊ အလုပ်အကျွေးပြုခွင့်ရတော့မယ်ဆိုတဲ့ ခံယူချက်နဲ့ လိုက်ပါလုပ်ဆောင် လေ့ကျင့်ခဲ့ပါတယ်၊ စစ်သင်တန်းဟာ ခက်ခဲပင်ပန်းတဲ့ သင်တန်းဖြစ်တယ်၊

*စာမျက်နှာ ၁၁ သို့*


ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် သင်တန်းသားများအတွက် ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်စဉ်။


နယ်မြေခံသင်တန်းကျောင်း ကျောင်းအုပ်ကြီးက ထူးချွန်ဆုရရှိသူ သင်တန်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။


နယ်မြေခံသင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းသားတစ်ဦးအား အဆင့်တိုးမြှင့်တပ်ဆင်ပေးစဉ်။


နယ်မြေခံသင်တန်းကျောင်း တစ်ကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁) သင်တန်းဆင်းပွဲကျင်းပစဉ်။







# ဟိုပုံးမြို့၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄) ကတိသစ္စာခံယူပွဲနှင့် ကျောင်းဆင်းပွဲစစ်ရေးပြ အခမ်းအနားပြုလုပ်

**တောင်ကြီး ဇွန် ၂၈**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ကတိသစ္စာခံယူပွဲနှင့် ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၇ နာရီက ရှမ်းပြည်နယ် ဟိုပုံးမြို့ နယ်မြေခံတပ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ နယ်မြေခံသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သိန်းနိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ တက်ရောက်ကြသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းသင်တန်းသားများက သင်တန်းကျောင်းကျောင်းအုပ်ကြီးကို အလေးပြုကြပြီး အခမ်းအနား တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြ၍ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သိန်းနိုင်က ပြည်သူ့စစ်မှုထမ်း သင်တန်းဆင်းတပ်ခွဲကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

**ချီတက်အလေးပြု**

ဆက်လက်၍သင်တန်းဆင်းတပ်ခွဲက ကတိသစ္စာခံယူ၍ ကျောင်းအုပ်ကြီးက သင်တန်းထူးချွန်ဆု ရရှိခဲ့ကြသူများကို တစ်ဦးချင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းအုပ်ကြီးက သင်တန်းဆင်းမိန့်ခွန်း ပြောကြားပြီးနောက် သင်တန်းဆင်းတပ်ခွဲက ကျောင်းအုပ်ကြီးကို စစ်ကြောင်းပုံစံဖြင့် ချီတက်အလေးပြုခဲ့ကြသည်။

**ဂုဏ်ပြု ထောက်ပံ့ငွေပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စားရိပ်သာခန်းမ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို ကြိုဆိုဂုဏ်ပြုစကားပြောကြားပြီး သင်တန်းကျောင်းကျောင်းအုပ်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ပြည်သူ့စစ်မှုထမ်း သင်တန်းဆင်းသင်တန်းသားများနှင့် အတူတကွ လက်ဖက်ရည်သုံးဆောင်ကြပြီး ပြည်နယ်မှ သင်တန်းသားများအတွက် ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ရာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ရွှေဘိုမြို့၌ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၁/၂၀၂၄) ဆင်းပွဲကျင်းပ

**ရွှေဘို ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက နယ်မြေခံလေ့ကျင့်ရေးတပ်၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်သည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲများသည် တပ်ခွဲစစ်ရေးပြကွင်းမှ တပ်ရင်းစစ်ရေးပြကွင်းသို့ ချီတက်ခဲ့ပြီး နိုင်ငံတော်အလံနှင့် တပ်မှူးအား အလေးပြုခဲ့ပြီးနောက် ကျမ်းသစ္စာ၊ ကတိသစ္စာပြုခဲ့ကြပြီး၊ သင်တန်းတွင် စံပြဆု၊ ထူးချွန်ဆု ရရှိခဲ့သူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ထို့နောက် တပ်မှူးက သင်တန်းဆင်း မိန့်ခွန်းပြောကြားပြီး တပ်မှူးကို ကျောင်းဆင်းတပ်ခွဲမှ တန်းစိတ်ပုံ၊ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကာ ထွက်ခွာခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တာဝန်ရှိသူများသည် စားရိပ်သာဆောင်တွင် သင်တန်းသားများနှင့် အတူတကွ နံနက်စာ သုံးဆောင်ခဲ့ကြပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**





ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)မှ နိုင်ငံ့သားကောင်းစစ်သည်များအတွက် သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲတွင် မြဝတီတေးဂီတအဖွဲ့နှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆို ဖျော်ဖြေကြစဉ်။

*စာမျက်နှာ ၁၀ မှ*

အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ပါတယ်၊ အခုသင်တန်းပြီးဆုံးတဲ့အတွက် နိုင်ငံတော်က ပေးအပ်တဲ့ မည်သည့်တာဝန်မဆို ကျေပွန်စွာ ထမ်းဆောင်သွားပါမယ်။

ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) မှ နိုင်ငံ့သားကောင်းစစ်သည်များအတွက် သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ကြသည်။ အဆိုပါ ညစာစားပွဲများတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့နှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေး အဖွဲ့များက တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အားကစားနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြော

**ရန်ကုန် ဇွန် ၂၈**

အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းလှူဒါန်းပွဲကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက သာကေတမြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ သာကေတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးညွှန့်ဝေက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းရတနာစိုး၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်ခင်ကောင်းစံနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင် ဦးဌေးလင်းတို့က လူငယ်ရေးရာများကို အသိပညာပေး ဟောပြောကြသည်။ ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးသူရိန်ဇော်က ပေးအပ်ရာ အ.ထ.က. ၅ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွယ်က လက်ခံရယူကြောင်း သိရသည်။ **အာကာစိုး**

# အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြု KG ကလေးများအား အာဟာရများ ကျွေးမွေး

**ရေး ဇွန် ၂၈**

၂၀၂၄ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် (၁၀၂) နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မွန်ပြည်နယ် ရေးမြို့နယ် သမဝါယမအသင်းစုနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများပူးပေါင်း၍ ရေးမြို့ အ.ထ.က (၂) ကျောင်းရှိ KG ကလေး ၈၀ ကို အာဟာရများ ကျွေးမွေးခြင်း ပြုလုပ်ကြောင်းသိရသည်။

**သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းအခမ်းအနား တက်ရောက်

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံ လေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များ၊ နယ်မြေခံ လေ့ကျင့်ရေးကျောင်း ခေတ္တကျောင်းအုပ်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်တန်းသားများ၏ မိဘများနှင့် ဆွေမျိုးများ တက်ရောက်ကြသည်။



အခမ်းအနားတွင် နယ်မြေခံလေ့ကျင့်ရေးကျောင်း ခေတ္တကျောင်းအုပ်ကြီးသည် ပြည်သူ့စစ်မှုထမ်း သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းတပ်ခွဲများအား လိုက်လံစစ်ဆေးသည်။

ထို့နောက် တပ်ခွဲမှူးက ဦးဆောင်၍ သင်တန်းဆင်း တပ်ခွဲကတိသစ္စာခံယူကြပြီး ခေတ္တကျောင်းအုပ်ကြီးက ပြည်သူ့စစ်မှုထမ်းသင်တန်းတွင် စံပြတပ်သားဆုနှင့် သင်တန်းတွင် ထူးချွန်ဆုရရှိကြသည့် သင်တန်းသားများကို တစ်ဦးချင်း ဆုများချီးမြှင့်သည်။ ဆက်လက်၍ ခေတ္တကျောင်းအုပ်ကြီးက သင်တန်းဆင်း မိန့်ခွန်းပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ **(အပေါ်ပုံ)** နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက သင်တန်းသားများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သင်တန်းဆင်းပွဲအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် သင်တန်းခန်းမ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသားများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက သင်တန်းဆင်းဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရရပ်တည်မြဲမြဲစေရန်အတွက် စောင့်ထိန်းရမည့် အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ်၊ ပြည်သူ့လုံခြုံရေးစနစ် စတင်ဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် အမျိုးသားစစ်မှုထမ်းစနစ်တွင် ပါဝင်ထမ်းဆောင်ကြမည့် မျိုးဆက်သစ် လူငယ်ရဲဘော်များအားလုံးကို လေးစားဂုဏ်ယူကြောင်း၊ ယခုသင်တန်းမှ လေ့ကျင့်သင်ကြားပို့ချပေးခဲ့သည့် ဘာသာရပ်များကို လေ့ကျင့်သင်ကြား တတ်မြောက်ပြီးဖြစ်သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် စွမ်းရည်၊ စွမ်းပကား ပြည့်ဝသော နိုင်ငံ့သားကောင်း စစ်သည်များဖြစ်အောင် ဆက်လက်လေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက သင်တန်းသားများကို တွေ့ဆုံ၍ သင်တန်းဆင်းဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# နိုင်ငံသားတစ်ယောက်အနေဖြင့် စစ်ပညာသင်ကြားပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်၍ များစွာဂုဏ်ယူ

**ပုသိမ် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နယ်မြေခံလေ့ကျင့်ရေးတပ်တွင် ပြုလုပ်ရာ အခမ်းအနားသို့တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ တက်ရောက်၍ စစ်ရေးပြ အခမ်းအနားကို ကြည့်ရှုအားပေးကြသည်။

ဦးစွာ သင်တန်းဆင်းစစ်ရေးပြ အခမ်းအနား ပြုလုပ်ပြီး နယ်မြေခံလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆင်းထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် **(ယာပုံ)** နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်း သင်တန်းသားများကို တွေ့ဆုံအားပေးစကားများ ပြောကြားသည်။

ဆက်လက်၍ နယ်မြေခံလေ့ကျင့်ရေးကျောင်း ဘုရင့်နောင်ခန်းမ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်း သင်တန်းသားများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) ကို စတင်ဖွင့်လှစ်ပြီး ယနေ့တွင် အောင်မြင်စွာ သင်တန်းဆင်းနိုင်ခဲ့ပြီဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် ဂုဏ်ယူရမည့်နေ့ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းသည် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည့် နိုင်ငံသားတစ်ယောက်အနေဖြင့် စစ်ပညာသင်ကြားပြီး နိုင်ငံတော်ကာကွယ်ရေးအတွက်ရည်ရွယ်ကာ ဆောင်ရွက်ခြင်းဖြစ်၍ မိမိအနေဖြင့် များစွာဂုဏ်ယူပါကြောင်း၊ တပ်မတော်သားတစ်ယောက်အနေဖြင့် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်၊ စည်းကမ်းများကို အလေးထားလိုက်နာရမည်ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ကျရာ ဒေသများတွင် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်၍ စစ်သားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းအားပေးစကားများ ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နယ်မြေခံလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးအား ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်ကာ သင်တန်းသားများနှင့် နံနက်စာ အတူတကွသုံးဆောင်ခဲ့ကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# သစ္စာလေးချက်ကိုအသက်နှင့်ထပ်တူစောင့်ထိန်း၍ အနာဂတ်တပ်မတော်နှင့်နိုင်ငံတော်အတွက် အားကိုးအားထားရသော တပ်မတော်သားများဖြစ်အောင် အစဉ်ကြိုးစားဆောင်ရွက်

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံ သင်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦး၊ နယ်မြေခံသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မျိုးမင်းသန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အုပ်ချုပ်သူနည်းပြများ တက်ရောက်ကြသည်။



ရှေးဦးစွာ ကျောင်းအုပ်ကြီးနှင့် သင်တန်းဆင်း တပ်ခွဲများက နိုင်ငံတော်အလံအား အလေးပြုကြသည်။ ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်း တပ်ခွဲများအား လိုက်လံစစ်ဆေးသည်။

ယင်းနောက် ကျောင်းအုပ်ကြီးက စံပြတပ်သားဆု၊ စစ်ရေးပြ ထူးချွန်ဆု၊ လက်ဖြောင့်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံး ဆုရရှိသူများကို ဆုများချီးမြှင့်သည်။ **(အောက်ဝဲပုံ)**

ထို့နောက် နယ်မြေခံသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မျိုးမင်းသန်းက အဖွင့်မိန့်ခွန်းပြောကြားရာ တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ လုံခြုံရေးတို့အတွက် တိုင်းရင်းသားပြည်သူများအရှေ့တွင် မားမားမတ်မတ်ရပ်တည်ပြီး သစ္စာရှိစွာ ကာကွယ် စောင့်ရှောက်ခဲ့သည်ကို သမိုင်းမှတ်တမ်းတွင် အထင်အရှား ရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့်တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပြီး သစ္စာလေးချက်ကို အသက်နှင့်ထပ်တူ စောင့်ထိန်း၍ အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားရသော တပ်မတော်သားများဖြစ်အောင် အစဉ်ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ကြီးအား သင်တန်းဆင်းတပ်ခွဲများက ချီတက်အလေးပြုကြသည်။

သင်တန်းတွင် သင်တန်းသားများအား ကိုယ်လက်ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ စစ်မြေပြင် အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင် အုပ်ချုပ်မှုဘာသာရပ်၊ အထွေထွေ ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# သမ္မတသစ်ရွေးကောက်တင်မြှောက်ရန် အီရန်မဲဆန္ဒရှင်များ ဆန္ဒမဲပေး

တီဟီရန် ဇွန် ၂၈

**အီရန်နိုင်ငံမှ မဲဆန္ဒရှင်များသည် ၎င်းတို့၏ သမ္မတသစ်ကို ရွေးချယ်နိုင်ရန်အတွက် ဇွန် ၂၈ ရက်က စတင်ဆန္ဒမဲပေးနေကြပြီဖြစ်သည်။ ယခုရွေးကောက်ပွဲသည် ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီ နှစ်ဦးနှင့် ပြုပြင်ပြောင်းလဲရေးဝါဒီ တစ်ဦးတို့ အဓိကပါဝင်ယှဉ်ပြိုင်သည့် ရွေးကောက်ပွဲဖြစ်သည်။**

ပြီးခဲ့သည့်လက ရဟတ်ယာဉ်ပျက်ကျပြီး သေဆုံးသွားခဲ့သည့် သမ္မတအီဗရာဟင်ရိုင်စီ၏ နေရာကို ဆက်ခံမည့်သူကို ရွေးချယ်ရန် မဲပေးဆုံးဖြတ်မှုလည်းဖြစ်သည်။

ဂါးဒီးယန်းကောင်စီ၊ အစ္စလာမ္မစ်ဥပဒေပညာရှင်နှင့် အခြားအဖွဲ့ဝင်များက ရွေးကောက်ပွဲဝင်မည့်လူခြောက်ဦးကို အတည်ပြုခဲ့သော်လည်း နှစ်ဦးမှာ နုတ်ထွက်သွားခဲ့သည်။

အဓိက ရွေးကောက်ခံကိုယ်စားလှယ်လောင်း သုံးဦးမှာ အနောက်နိုင်ငံများနှင့် ထိပ်တိုက်ရင်ဆိုင်ရန် စိတ်မဝင်စားသော ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီ နှစ်ဦးနှင့် တွေ့ဆုံဆွေးနွေးရေး ကြိုးပမ်းသည့် ပြုပြင်ပြောင်းလဲရေးသမား တစ်ဦးတို့ဖြစ်သည်။

အဓိက ကိုယ်စားလှယ်လောင်းများထဲမှ တစ်ဦးမှာ ဆာအိဒ်ဂျာလီလီဖြစ်သည်။ ၎င်းသည် အမျိုးသားကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာနကို တာဝန်ယူသည့် အမျိုးသားလုံခြုံရေးကောင်စီ၏ အတွင်းရေးမှူး ဖြစ်သည်။ အခြားတစ်ဦးမှာ အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်၏ ပါလီမန်ဥက္ကဋ္ဌ မိုဟာမက်ဘာကာ ခါလီဘတ်ဖ်ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ကွန်ဆာဗေးတစ်မဲဆန္ဒရှင်များအကြား ထောက်ခံမှုရရှိရန် ကြိုးစားနေရသည်။

ပြုပြင်ပြောင်းလဲရေး ကိုယ်စားလှယ်လောင်းမှာ ပါလီမန်အမတ်နှင့် ကျန်းမာရေးဝန်ကြီး မာဆွတ်ဒ်ပီဇက်ရှ်ကီယန်ဖြစ်သည်။ ဇွန် ၂၉ ရက်အစောပိုင်းတွင် ရွေးကောက်ပွဲအကြိုရလဒ်များ ထွက်ပေါ်လာဖွယ်ရှိသည်။ အကယ်၍ ကိုယ်စားလှယ်လောင်းတစ်ဦးက အပြတ်အသတ် အနိုင်ရရှိခြင်းမရှိပါက ထိပ်တန်းမဲရရှိသူနှစ်ဦးက ဇူလိုင် ၅ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**




# အမေရိကန်-ဗြိတိန် ညွှန့်ပေါင်းအဖွဲ့က ဟူသီပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုလေးကြိမ် ပြုလုပ်

**ဆာနား ဇွန် ၂၈**

ယီမင်နိုင်ငံ အနောက်တောင်ပိုင်း တိုက်ဇ်ပြည်နယ်၌ အမေရိကန်-ဗြိတိန် မဟာမိတ်တိုက်လေယာဉ်များက လေကြောင်းတိုက်ခိုက်မှု လေးကြိမ်ပြုလုပ်ခဲ့ကြောင်း ဟူသီပိုင် အယ်လ်မာဆီရာ ရုပ်မြင်သံကြားသတင်းက ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ဖော်ပြသည်။

တိုက်ခိုက်မှုများသည် မာဝီရာ့ရှ်အရှေ့ပိုင်းခရိုင်ရှိ အယ်လ်ဒူဟေးရာ့ရှ်ရီယာကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြခဲ့သော်လည်း အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုသည် ဟူသီစစ်စခန်းတစ်ခုကို ထိမှန်ခဲ့ကြောင်း ဒေသခံများက ဆိုရှယ်မီဒီယာတွင် ပြောကြားသည်။

တစ်ချိန်တည်း၌ပင် ယီမင်ရှိ ဟူသီသူပုန်များ၏ ရေဒါစခန်းတစ်ခုနှင့် ပင်လယ်နီသို့ ဟူသီသူပုန်များပစ်လွှတ်သော ဒရုန်းတစ်စင်းကို ဖျက်ဆီးခဲ့ကြောင်း အမေရိကန်ဗဟိုဌာနချုပ်က ဆိုရှယ်မီဒီယာ X တွင် ပြောကြားသည်။

ဟူသီအုပ်စုသည် အာရေဗျပင်လယ်နှင့် ပင်လယ်နီတို့ကို ဖြတ်သန်းသွားလာနေသော နိုင်ငံခြားသင်္ဘောနှစ်စင်းကို တိုက်ခိုက်မှုအတွက်တာဝန်ရှိကြောင်း ထုတ်ပြန်ခဲ့ပြီးနောက် နာရီပိုင်းအတွင်း အဆိုပါ လေကြောင်းတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့လေဆိပ်၌ ခေါင်မိုးပြိုကျမှုကြောင့် တစ်ဦးသေဆုံး

**နယူးဒေလီ ဇွန် ၂၈**

နယူးဒေလီမြို့အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဇွန် ၂၈ ရက်နံနက်ပိုင်းက ခေါင်မိုးပြိုကျမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးခဲ့သည်ဟု သိရသည်။ အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့်ဟု လေဆိပ်အော်ပရေတာက အပြစ်တင်ထားသည်။




အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ မျက်နှာကြက် ပြိုကျမှုကြောင့် ရပ်နားထားသည့် ကားများ ပျက်စီးနေမှုကို တွေ့ရစဉ်။

လေဆိပ်၏ ထွက်ခွာရာ ဂိတ် ၁ ၌ မိုးသည်းမှုကြောင့် ခေါင်မိုးနေရာအနှံ့မှ ရေများကျဆင်းလာမှုဖြစ်ပေါ်ခဲ့သည်။ ခရီးသွားများ ကြိုပို့ရာနေရာ၌ ခေါင်မိုးတိုင်များ ပြိုကျခဲ့ပြီး မော်တော်ယာဉ်အများအပြား ပျက်စီးခဲ့ရသည်။ အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပြည်တွင်းခရီးသွားများ အသုံးပြုရာ အဓိကဂိတ်ပေါက်ရှိ မျက်နှာကြက် ပြိုကျခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူအများအပြား ရှိကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။

လေဆိပ်ရှိအချို့သော ထွက်ခွာရေးဂိတ်များမှ သွားလာခွင့်ကို ဖျက်သိမ်းထားပြီး လေကြောင်းခရီးစဉ်များကိုလည်း ပြင်ဆင်ထားကြောင်း အော်ပရေတာက ပြောသည်။ ဇွန်၂၇ ရက်မှ စတင်ကာ နယူးဒေလီမြို့ အနီးတစ်ဝိုက်တွင် မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းလျက်ရှိသည်။ မိုးသည်းထန်မှုကြောင့် လမ်းများ ရေလျှံနေပြီး အခြားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းပြည်နယ်၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှုအစီအစဉ်စတင်

**အစ္စလမ်မာဘတ် ဇွန် ၂၈**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်ခ်တွန်ခဝါ ပြည်နယ်၌ ကလေးငယ် ၁ ဒသမ ၃သန်းနီးပါးကို ရည်ရွယ်၍ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှု စတင်ပြုလုပ်ခဲ့ကြောင်း ပြည်နယ် အရေးပေါ် စီမံခန့်ခွဲရေးစင်တာက ဇွန် ၂၈ ရက်တွင် ပြောသည်။ အသက် ငါးနှစ်အောက် ကလေးငယ်များကို ကာကွယ်ဆေးတိုက်ကျွေးရန် အဖွဲ့ပေါင်း ၉၉၂၁ ဝန်းကျင် ဖွဲ့စည်းထားပြီး ကာကွယ်ဆေးပေးသည့်အဖွဲ့များကို ကာကွယ်ရန် လုံခြုံရေးအရာရှိပေါင်း ၁၅၀၀၀ ကို တပ်ဖြန့်ချထားမည်ဖြစ်သည်။



ပိုလီယိုဗိုင်းရပ်စ်အမြစ်ပြတ်နှိမ်နင်းနိုင်ရေးမှာ ပါကစ္စတန်အစိုးရ၏ အဓိကဦးစားပေးဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် အလီအာမင်ဂန်ဒါပေါလ်က ပြောသည်။ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှု လုပ်ငန်းစဉ်တွင် ရှေ့တန်းမှ ပါဝင်ကြသည့် လုပ်သားများမှာ သူရဲကောင်းများဖြစ်ကြောင်း၊ မိဘများနှင့် အုပ်ထိန်းသူများသည် အိမ်တိုင်ရာရောက် ကာကွယ်ဆေးပေးသည့် လှုပ်ရှားမှုကို အပြည့်အဝထောက်ခံသင့်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ပါကစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း ခြောက်ယောက်မြောက် ပိုလီယိုရောဂါဖြစ်ပွားသူတစ်ဦးကို တွေ့ရှိခဲ့ကြောင်း ဇွန် ၂၅ ရက် အစောပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂဆွေးနွေးပွဲသို့ တာလီဘန်တို့ ပထမဦးဆုံးအကြိမ် တက်ရောက်မည်

**ဒိုဟာ ဇွန် ၂၈**

အာဖဂန်နစ္စတန်ရှိ အခြေအနေများကို ဆွေးနွေးမည့် ကုလသမဂ္ဂ ညီလာခံတစ်ခုကို ဇွန် ၂၉ ရက်မှစတင်ကာ ကာတာနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ညီလာခံသို့ တာလီဘန်ကိုယ်စားလှယ်များ ပထမဆုံးအကြိမ်အဖြစ် တက်ရောက်မည်ဖြစ်သည်။

ဒိုဟာမြို့၌ ကျင်းပမည့် ဆွေးနွေးပွဲကို ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူး ရို့စ်မာရီ ဒီကာလိုက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ ညီလာခံသို့ ဥရောပနိုင်ငံများ၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်မည်ဟုလည်း မျှော်လင့်ထားသည်။

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အခြေအနေများ ဆွေးနွေးပွဲ ညီလာခံကို တတိယအကြိမ်မြောက် ကျင်းပခြင်းလည်း ဖြစ်သည်။ တာလီဘန်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဇာဘိုင်ဟူလာမူဂျာဟစ် အပါအဝင် အဆင့်မြင့်အရာရှိများ တက်ရောက်မည်ဟု သိရသည်။

အာဖဂန်နစ္စတန်တွင် အမျိုးသမီးများ အခွင့်အရေးပေါ်တွင် တင်းကျပ်မှုများ လုပ်ဆောင်လျက်ရှိသည်။ မိန်းကလေးငယ်များမှာ မူလတန်းကျောင်းသို့သာ တက်ရောက်ခွင့်ရှိသည်။ နှစ်ရက်ကြာကျင်းပမည့် ဆွေးနွေးပွဲတွင် အာဖဂန်အမျိုးသမီးများ ပါဝင်ခွင့်မရချေ။ တာလီဘန်တို့၏ဖိနှိပ်မှု အများဆုံးခံနေရသည့် အမျိုးသမီးများမှာ ၎င်းတို့ကံကြမ္မာကို ဆွေးနွေးမည့် ဆွေးနွေးပွဲတွင် ချန်လှပ်ထားခြင်းခံရသည်ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

အာဖဂန်နစ္စတန်တွင် လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများ တိုးတက်လာရန်မှာ လွယ်ကူသည့်အရာ မဟုတ်ဟု ဂျပန်နိုင်ငံ၏ အရှေ့အလယ်ပိုင်းဆိုင်ရာအင်စတီကျုမှ သုတေသီတစ်ဦးဖြစ်သူ အေအိုကီကန်တာက ပြောသည်။

ယခုဆွေးနွေးပွဲတွင် တာလီဘန်တို့နှင့် ဆွေးနွေးရန် အုတ်မြစ်ကို အရင်ချသင့်သည်ဟုထင်ကြောင်း ၎င်း၏ ယူဆချက်ကို ပြောသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်း နှင့် တာလီဘန်တို့ကြား ဆက်သွယ်မှု ဆက်လက်ပြုလုပ်နိုင်ရေး အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ



**လွိုင်ကော် ဇွန် ၂၈**

ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကို ယမန်နေ့မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း အထိုက်အလျောက် တည်ငြိမ်အေးချမ်းမှုရရှိလာပြီ ဖြစ်သည့်အတွက် လွိုင်ကော်မြို့နယ်တွင် နေရပ်ပြန်ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ ပြန်လည်ဝင်ရောက်နေထိုင်၍ တာဝန်ထမ်းဆောင်နေကြပြီဖြစ်ကြောင်း၊ ပြည်နယ် အတွင်းနေထိုင်သူ ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှု၍ ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် လိုအပ်ချက်များဖြစ်သော လုံခြုံရေး၊ ရေ / မီးရရှိရေး၊ သန့်ရှင်းသာယာလှပရေး၊ လမ်းပန်း ဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်စေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဘက်ပေါင်းစုံမှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာရုံးများ ရာနှုန်းပြည့်ဖွင့်လှစ် တာဝန်ထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူအားလုံးက လက်တွဲညီညီပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ပြန်လည်ဝင်ရောက်လာသူများ စိစစ်လက်ခံရေးဆိုင်ရာ ကိစ္စရပ်များနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ လူမှုရေးရာဝန်ကြီးက ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူးက အုပ်ချုပ်၊ ထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက်ဒေသကွပ်ကဲရေးမှူးက ပြည်နယ်အတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားသုံးဆီနှင့် ဆန်ဈေးနှုန်းမှန်ကန်တည်ငြိမ်စွာရောင်းချရေး ညှိနှိုင်းစည်းဝေး

**မုံရွာ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားသုံးဆီနှင့် ဆန်ဈေးနှုန်း မှန်ကန်တည်ငြိမ်စွာ ရောင်းချရေး ညှိနှိုင်းအစည်းအဝေးကို ဇွန်၂၈ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဆန်ကုန်သည်၊ ဆီကုန်သည် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆန်ဈေးကွက်အတွင်း ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ ဈေးနှုန်းမြှင့်တင်ရောင်းခြင်းများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးစောင့်ကြည့်၍ လိုအပ်သည်များကို အရေးယူဆောင်ရွက်နိုင်ရေးနှင့် ဆန်သိုလှောင်ဈေးနှုန်းမြှင့်တင်ရောင်းချနေမှုများအတွက် စိစစ်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း။

စားသုံးဆီများ ဖြန့်ဖြူးရောင်းချရာတွင် စနစ်တကျရှိစေရေးနှင့် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများ၊ အရောင်းကိုယ်စားလှယ်များ၊ လက်လီ/လက်ကားရောင်းချသူများအား အဆင့်ဆင့်ထိန်းကျောင်းခြင်း စသည်ဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် လုပ်ငန်းများ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ပြည်သူများ၏အခြေခံစားကုန် ဆန်နှင့် စားသုံးဆီဈေးနှုန်းများ မြင့်တက်မှုမရှိစေရေး၊ ဆန်ကုန်သည်၊ စားသုံးဆီ ကုန်သည်များအနေဖြင့် မိမိတို့တိုင်းဒေသကြီးအတွက် မိမိအကျိုးအများအကျိုး ညီညွတ်မျှတစွာဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများကိုလည်း လေးစားလိုက်နာဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် စားသုံးဆီနှင့် ဆန်ဈေးနှုန်းမှန်ကန်တည်ငြိမ်စွာ ရောင်းချနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ဆန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် စားသုံးဆီဖြန့်ဖြူးရောင်းချမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော ဆန်ကုန်သည်၊ ဆီကုန်သည်လုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများနှင့်ပြည်သူများထံသို့ ဆန်၊ စားသုံးဆီများ ဈေးနှုန်းမှန်ကန်စွာရောင်းချပေးနေမှု၊ လက်လီလက်ကားရောင်းချပေးနေမှု၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စားသုံးဆီများခွဲဝေရရှိမှု၊ ဖြန့်ဖြူးရောင်းချပေးနေမှု၊ အပတ်စဉ်ဈေးကားများဖြင့် စားသုံးဆီများရောင်းချပေးနေမှုအခြေအနေများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြည့်ဆည်းပေါင်းစပ်ပေးရမည့် လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း စားသုံးဆီနှင့်ဆန်ဈေးနှုန်းမှန်ကန်တည်ငြိမ်စွာ ရောင်းချရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ချင်းပြည်နယ် ဟားခါးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနိုင်ရေး အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူ

**ဟားခါး ဇွန် ၂၈**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းအခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့ရှိ ဗိုလ်ချုပ်လမ်းမကြီးပေါ်၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ချင်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အသိပညာပေး မြေစိုက်ပိုစတာဆိုင်းဘုတ်ကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချို့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ ချင်းပြည်နယ် ဦးစီးမှူး ဦးဇော်ဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ချင်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့မှ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုအဖွဲ့များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ဥပဒေဝန်ဆောင်မှုစာကြည့်တိုက်

**နိုင်ငံတော်က စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးမှ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနကလည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံများ လှူဒါန်းကြရန် ပြည်သူများသို့ နှိုးဆော်လျက်ရှိရာ စာရေးသူသည် မကြာသေးမီက ဆောက်လုပ်ပြီးစီးခဲ့သော ဥပဒေစာကြည့်တိုက်အသစ်တစ်ခုရှိရာသို့ သွားရောက်လေ့လာမိသည်။**

ဦးအုန်းသန်း(ဥပဒေ)

အဆိုပါ စာကြည့်တိုက်မှာ အများမြင်တွေ့နေကျ စာကြည့်တိုက်ပုံစံမျိုးမဟုတ်ဘဲ ဥပဒေစာအုပ်၊ စာစောင်များစွာကို သိုလှောင်သိမ်းဆည်းထားသော ဥပဒေစာကြည့်တိုက်ပင်ဖြစ်ပါသည်။ စာကြည့်တိုက်တည်နေရာမှာ ထားဝယ်မြို့ ဆန်းချီရပ်ကွက် ခွာညိုလမ်းတွင် ဖြစ်ပါသည်။

**ဥပဒေစာကြည့်တိုက်**

ဥပဒေရုံးအဆင့်ဆင့်တွင် စာကြည့်တိုက် အသီးသီးရှိကြ၏။ ယင်းစာကြည့်တိုက်များမှာ စံနှင့်ကိုက်ညီသော စာကြည့်တိုက်များ မဟုတ်ကြပေ။ ပင်မရုံးရှိ အခန်းတစ်ခန်းတွင် စာအုပ်၊ စာစောင်များကို ဗီရိုဖြင့် ထည့်ကာသိမ်းဆည်းပြီး စာကြည့်တိုက်အဖြစ် အသုံးပြုကြခြင်းဖြစ်ပါသည်။ ဤအသစ်ဆောက်လုပ်ထားသော ဥပဒေစာကြည့်တိုက်သည် သီးခြားအဆောက်အအုံတစ်ခုဖြစ်ပြီး ခံ့ညားထည်ဝါလှသည်။ စာကြည့်တိုက်ရှိ စာအုပ်၊ စာစောင်များကို စာကြည့်တိုက်လက်စွဲနှင့်အညီ ဘာသာရပ်အလိုက် ခွဲခြားထားသည်ကို တွေ့ရသဖြင့် ဥပဒေရုံးအဆင့်ဆင့်ရှိ စာကြည့်တိုက်များအကြားတွင် ထူးခြားသော စာကြည့်တိုက်တစ်ခုအဖြစ် မြင်တွေ့နိုင်ပါသည်။

ဥပဒေစာကြည့်တိုက်ကို ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ကျပ်သန်း ၁၃၀ ဖြင့် ဆောက်လုပ်ခဲ့ပြီး အကျယ်အဝန်းမှာ အလျား ပေ ၃၀၊ အနံ ပေ ၄၀၊ အာရ်စီနှစ်ထပ် အဆောက်အအုံအမျိုးအစားဖြစ်ကြောင်းတွေ့ရပါသည်။ စာကြည့်တိုက်အပေါ်ထပ်တွင် ဥပဒေစာကြည့်တိုက်ဆိုသော ဆိုင်းဘုတ်ကို တွေ့မြင်ရသည်။ စာကြည့်တိုက်အခန်း အဝင်ထောင့်တွင် စာကြည့်တိုက်မှူးကောင်တာရှိသည်။ စာကြည့်တိုက်တွင် အခန်း နှစ်ခန်းရှိသည်။ ပထမအခန်းမှာ အခန်းကျယ် သာမန်စာဖတ်ခန်းဖြစ်ပြီး ဒုတိယအခန်းမှာ သုတေသနပြုလုပ်သူများအတွက် သီးခြားစာဖတ်ခန်းဖြစ်သည်။ စာကြည့်တိုက်မှူးကောင်တာနှင့် မျက်နှာချင်းဆိုင်နံရံတွင် ခေတ်ကာလအလိုက် ပြဋ္ဌာန်းဥပဒေစာရင်းကို မြင်တွေ့ရသဖြင့် တည်ဆဲဥပဒေ မည်မျှရှိသည်ကို စာကြည့်တိုက်အခန်းအဝင်ဝရောက်သည်နှင့် သိရှိနိုင်မည်ဖြစ်ပါသည်။

**စာကြည့်တိုက်တွင်ရှိသည့်စာအုပ်၊ စာစောင်များ**

ဤစာကြည့်တိုက်တွင် မြန်မာနိုင်ငံက ကျင့်သုံးလျက်ရှိသော တည်ဆဲဥပဒေများအားလုံးကိုလေ့လာနိုင်မည်ဖြစ်သည်။ စာကြည့်တိုက်တွင် စာအုပ်၊ စာစောင်ပေါင်း ၁၅၀၀ ကျော်ခန့်ရှိကြောင်း တွေ့ရပြီး စာအုပ်၊ စာစောင်များကို ဘာသာရပ်အလိုက်



**ဥပဒေစာကြည့်တိုက်သည် ဥပဒေအရာရှိများနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းသောသူများအတွက် အသုံးဝင်သလို ပြည်သူများအတွက်လည်း အသုံးဝင်ပေသည်။ ဤစာကြည့်တိုက်ကို ဥပဒေစာကြည့်တိုက်ဟု အမည်ပေးထားသော်လည်း အများပြည်သူများ လေ့လာဖတ်ရှုနိုင်သော ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်စာစောင်များလည်းရှိသဖြင့် ပြည်သူ့အတွက် စာကြည့်တိုက်တစ်ခုလည်း ဖြစ်ပေသည်။ ဥပဒေစာကြည့်တိုက်တွင် နိုင်ငံကျော်စာရေးဆရာကြီးများ၏ စာအုပ်အများအပြားကိုလည်း တွေ့ရသည်။ ဤစာကြည့်တိုက်တွင် စာအုပ်အမျိုးအစားစုံလင်သဖြင့် စာဖတ်သူကို စာကြည့်တိုက်က မပြန်ချင်အောင် ဆွဲဆောင်လျက်ရှိ**

ထားရှိရာတွင် အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်-

(က) အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းသော အင်္ဂလိပ်ကိုလိုနီကာလဥပဒေများ၊
(ခ) လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်ကာလဥပဒေများ၊
(ဂ) တော်လှန်ရေးကောင်စီကာလဥပဒေများ၊
(ဃ) ပြည်သူ့လွှတ်တော်ကာလဥပဒေများ၊
(င) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကာလဥပဒေများ၊
(စ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလဥပဒေများ၊
(ဆ) ပြည်ထောင်စုလွှတ်တော်ကာလဥပဒေများ၊
(ဇ) နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကာလ (၁-၂-၂၀၂၂ မှ ၃၀-၆-၂၀၂၄အထိ) ဥပဒေများ၊
(ဈ) နည်းဥပဒေညွှန်ကြားချက် လုပ်ထုံးလုပ်နည်းစာအုပ်များ၊
(ည) နှစ်အလိုက် စီရင်ထုံးစာအုပ်များမှာ (အင်္ဂလိပ်/မြန်မာ)၊
(ဋ) Myanmar Laws စာအုပ်များ (မြန်မာဘာသာဖြင့် ပြဋ္ဌာန်းသည့် ဥပဒေများကို နိုင်ငံခြားသားများ လေ့လာနိုင်ရန် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော Myanmar Laws စာအုပ်များ)
(ဌ) တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေ၊ နည်းဥပဒေများ။

အထက်ပါ စာအုပ်၊ စာစောင်များအပြင် ဥပဒေပညာရှင်များ၊ သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် စာရေးဆရာများက ရှုထောင့်အမျိုးမျိုးဖြင့် ရေးသားသော သုတ၊ ရသ စာအုပ်စာတမ်းများ၊ ဥပဒေရေးရာဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ဝေသော ဥပဒေသုတေသနစာတမ်းစာအုပ်များ၊ ညွှန်ကြားချက်များ၊ ဥပဒေပညာဂျာနယ်၊ ဥပဒေရုံးရည်ညွှန်းစာစောင်များနှင့် နိုင်ငံတော်ပြန်တမ်းများကို နှစ်အလိုက် စုံလင်စွာတွေ့ရှိရသည်။



**မြန်မာဥပဒေသတင်းအချက်အလက်စနစ်**

**(Myanmar Laws Information System)**

ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥပဒေများ၊ ပြည်ထောင်စုတစ်ဆင့်ခံ ဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဆင့်ခံဥပဒေများ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ တစ်ဆင့်ခံဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ စီရင်ထုံးများကို ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် Website မှ တစ်ဆင့် ဤဥပဒေစာကြည့်တိုက်တွင် လေ့လာဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်ပုဒ်များ**

ဥပဒေစာကြည့်တိုက်တွင် ဥပဒေရေးရာဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သော **“ဥပဒေ ပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသောပညာဖြစ်သည်”** THE LEGAL PROFESSION IS A NOBLE PROFESSION ဆိုသော ဆောင်ပုဒ်ကိုလည်းကောင်း၊ **“ဥပဒေဝန်ဆောင်မှုအတွက် စာကြည့်တိုက်”** LIBRARY FOR LEGAL SERVICES ဆိုသော ဆောင်ပုဒ်ကိုလည်းကောင်း၊ **“ဥပဒေအထက် တွင် မည်သူမျှမရှိ”** NO ONE IS ABOVE THE LAW ဆိုသော ဆောင်ပုဒ်ကို လည်းကောင်း၊ **“ပညာဘဏ်စာကြည့်တိုက်”** ဆိုသော ဆောင်ပုဒ်ကို လည်းကောင်း စာကြည့်တိုက်အတွင်းခန်း၌ သေသပ်ကျနစွာ ချိတ်ဆွဲထားသည်ကို တွေ့ရပါသည်။

**ဥပဒေဝန်ဆောင်မှု(Legal Services)**

ဥပဒေရေးရာဝန်ကြီးဌာနအောက်ရှိ ဥပဒေရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဥပဒေအရာရှိများ၏ တာဝန်မှာ ဥပဒေဝန်ဆောင်မှုပေးရသည့် တာဝန်ဖြစ်ရာ ဥပဒေအရာရှိများသည် တည်ဆဲဥပဒေများကို နားလည်သိရှိရန် လိုအပ်သကဲ့သို့ ဥပဒေအသိပညာဗဟုသုတများ (Legal Knowledge)လည်း ကြွယ်ဝရန် လိုအပ်ပါသည်။ ဥပဒေဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဥပဒေစာအုပ်၊ စာစောင်များသည် အသက်တမျှ အရေးကြီးပေသည်။ ဥပဒေရုံးအဆင့်ဆင့်သည် အောက်ပါဥပဒေဝန်ဆောင်မှုများပေးလျက်ရှိသည်ကို တွေ့ရသည်-

(က) သက်ဆိုင်ရာအဆင့်ရှိအစိုးရ၊ ဌာနအဖွဲ့အစည်းများသို့ ဥပဒေအကြံဉာဏ်ပေးခြင်း၊
(ခ) နိုင်ငံတော်ကတရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမှုများတွင် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ခြင်း၊
(ဂ) သက်ဆိုင်ရာအဆင့်ရှိ တရားစွဲအဖွဲ့အစည်းများသို့ တရားစွဲမတင်မီ ဥပဒေအကြံဉာဏ်ပေးခြင်း၊
(ဃ) ပြစ်မှုဆိုင်ရာအမှုများတွင် နိုင်ငံတော်ဘက်မှ အမှုလိုက်ပါဆောင်ရွက်ခြင်း။

တည်ဆဲဥပဒေများ၊ စီရင်ထုံးများ၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ ညွှန်ကြားချက်များသည် အထွေထွေဥပဒေအကြံပေးခြင်းနှင့် အမှုလိုက်ပါ ဆောင်ရွက်ခြင်းတို့အတွက် အသုံးဝင်ပြီး ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ဝေသော ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ်၊ ဦးအုန်းသန်း (ဥပဒေ)ရေးသားသော ဥပဒေရေးဆွဲခြင်းအနုပညာစာအုပ်များသည် ဥပဒေပြုလွှတ်တော်များက ပြဋ္ဌာန်းမည့် ဥပဒေမူကြမ်းများ စိစစ်အကြံပြုရာတွင် အသုံးဝင်ကြောင်း တွေ့ရသည်။

ထို့ပြင် ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ဝေသော စီးပွားရေးစာချုပ်စာတမ်းများနှင့် သက်ဆိုင်သော ညွှန်ကြားချက်များ၊ ဖက်စပ်စာချုပ်ချုပ်ဆိုခြင်း၊

*စာမျက်နှာ ၁၇ သို့*

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ကမ္ဘာ့သစ်ပင်များနေ့ အထိမ်းအမှတ် အများပြည်သူ အပန်းဖြေရာနေရာများတွင် အရိပ်ရပန်းပင်များ စုပေါင်းစိုက်ပျိုး

**မြစ်ကြီးနား ဇွန် ၂၈**

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မြစ်ကြီးနားမြို့အား မြို့တော် အင်္ဂါရပ်နှင့်အညီ စိမ်းလန်းစိုပြည်ပြီး ပန်းမြို့တော်ဖြစ်လာစေရေး၊ ပြည်သူများ သစ်တောသစ်ပင်များ၏တန်ဖိုးကို နားလည်မြတ်နိုးသည့် စိတ်ဓာတ်ဖြစ်ပေါ်လာစေရေး ဇွန် ၂၈ ရက်တွင် ကျရောက်သည့် ကမ္ဘာ့သစ်ပင်များနေ့အထိမ်းအမှတ် မြို့တွင်း အများပြည်သူ အပန်းဖြေရာနေရာများတွင် ဇွန် ၂၇ ရက်က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ငြိမ်းချမ်းသော ကမ္ဘာကို တည်ထောင်သူ အဖွဲ့ဝင်များက မနော‌ဥယျာဉ်ပတ်လမ်းနှင့် ငွေပျော်လမ်းဘေး ဝဲ/ယာတို့တွင် တပျော်တပါး စုပေါင်းစိုက်ပျိုးပေးခဲ့ကြသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ ကမ်းနားလမ်းရှိ We Love Myit-kyina ဆိုင်းဘုတ်အနီး အများပြည်သူ အပန်းဖြေနေရာတွင် ကမ္ဘာ့သစ်ပင်များနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ထပ်မံကျင်းပပြုလုပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က သစ်တောသစ်ပင်သည် ကမ္ဘာမြေကြီး၏ သဘာဝပတ်ဝန်းကျင်ကိုစိမ်းလန်းစိုပြည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ သို့ပါ၍ မိမိတို့ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး သစ်ပင်များစိုက်ပျိုးပေးခြင်းဖြင့် နောင်နှစ်ပေါင်းများစွာအထိ အကျိုးရှိနေစေမည်ဖြစ်ကြောင်း၊ သစ်ပင်များကို စိုက်ပျိုးပေးခြင်းအပြင် ရှင်သန်ကြီးထွားအောင် ပြုစုပျိုးထောင်ပေးရေးကိုလည်း အလေးအနက်ထား လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုးက ကမ္ဘာ့သစ်ပင်များနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်များကို နှစ်စဉ် ကျင်းပပြုလုပ်၍ မြို့သန့်ရှင်း သာယာလှပ၍ စိမ်းလန်း စိုပြည်လာစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအတွက် အရိပ်ရပန်းပင်များနှင့် နှစ်ရှည်ပင်များကို ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့် ဇနီးတို့က ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီးတို့ထံလည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ်အမှုဆောင်အရာရှိတို့က ပြည်နယ်ဝန်ကြီးများနှင့် ပန်းချစ်သူများအသင်း၊ Kachin State Clean & Green Team အဖွဲ့တို့မှ တာဝန်ရှိသူများထံ လည်းကောင်း အသီးသီး ဖြန့်ဝေပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက ဧရာရပ်ကွက် ကမ်းနားလမ်းတစ်လျှောက်နှင့် ရှမ်းစုမြောက်ရပ်ကွက် ကမ်းနားလမ်းတစ်လျှောက် အများပြည်သူ အပန်းဖြေရာ နေရာများတွင် သပြေဘူတပင် ၁၀၀၊ ငုဝါပင် ၁၀၀ တို့ကို စုပေါင်းစိုက်ပျိုးပေးခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

## ဒေသနှင့်ကိုက်ညီသော သီးထပ်/သီးညှပ် သီးနှံပုံစံ စံပြကွက်များ ကွင်းသရုပ်ပြ

**သရက် ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိဿလိမ်းအုပ်စု သဲဖြူကျေးရွာတွင် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သီးနှံစိုက်စွမ်းအား တိုးတက်စေရေးအတွက် ဒေသနှင့် ကိုက်ညီသော သီးထပ်/သီးညှပ် သီးနှံပုံစံ စံပြကွက်များ တစ်ကွင်းတစ်စပ်တည်း ကွင်းသရုပ်ပြပွဲကို ဇွန် ၂၇ ရက်က တောင်သူ ဦးထွန်းမင်း၏ ယာမြေ ဧက ၄၀ ၌ ကျင်းပရာ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အတွင်း မြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများနှင့် သရက်မြို့ရှိ ကျေးရွာအုပ်စု ငါးအုပ်စုမှ အကျိုးဆောင် တောင်သူ ၁၂၀ တို့ တက်ရောက်လေ့လာကြသည်။



ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ဧက ၄၀ အတွင်း စိုက်ပျိုးပြသထားသော ပိုက်ဆံလျှော် - ချည်မျှင်ရှည်ဝါ၊ နှမ်း+ပဲစင်းငုံ(သီးညှပ်) - မတ်ပဲ၊ နှမ်း+ချည်မျှင်ရှည်ဝါ(သီးညှပ်)၊ မြေပဲ+ချည်မျှင်ရှည်ဝါ(သီးညှပ်)၊ ပဲတီစိမ်း - မတ်ပဲ+နေကြာ (သီးညှပ်)၊ သီးနှံပုံစံ စံပြကွက်များ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။


**အောင်ကျော်(ပြန်/ဆက်)**

## မြန်မာစာ မြန်မာစကား

### ခွဲခြားသိစရာ သည် နှင့် မှာ

**သည်** နှင့် **မှာ** သည် ပြုသူ၊ ဖြစ်သူ၊ ရှိသူ (ကတ္တား) ဖြစ်ကြောင်းကို ဖော်ပြသည်။

ဝါကျတစ်ခုတွင် **သည်** နှင့် **မှာ** ကို တစ်ပြိုင်နက်တည်း သုံးသောအခါ ရှေ့ကတ္တားနောက်တွင် **သည်** ကို သုံးသည်။ နောက်ကတ္တားနောက်တွင် **သည်** သို့မဟုတ် **မှာ** ကိုသုံးသည်။



မယ်ခကိုင်ထားသော သံတစ်ပိဿာထုပ်**သည်** သေး၍ မောင်လှထမ်းထားသော လဲတစ်ပိဿာထုပ်**မှာ** ကြီးသည်။

(သင့်)

**သည်** က သာမန်ဖော်ပြ၍ **မှာ** က ရှေ့ကတ္တားနှင့် နောက်ကတ္တား ကို ခွဲခြားဖော်ပြသည်။ ထို့ကြောင့် **သည်** ကို ရှေးဦးစွာသုံး၍ **မှာ** ကို နောက်မှ သုံးရသည်။ **မှာ** ကို ရှေးဦးစွာ သုံးလျှင် အသုံးလွဲသည်။

မယ်ခကိုင်ထားသော သံတစ်ပိဿာထုပ် **မှာ** သေး၍ မောင်လှထမ်းထားသော လဲတစ်ပိဿာထုပ်**သည်** ကြီးသည်။

( မသင့် )



**မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**

---

*စာမျက်နှာ ၁၆ မှ*

မြေငှားစာချုပ်ချုပ်ဆိုခြင်း၊ ပစ္စည်းဝယ်ယူရေးနှင့် သက်ဆိုင်သောစာချုပ်များ ချုပ်ဆိုခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များနှင့် ဦးအုန်းသန်း (ဥပဒေ) ရေးသားသော စီးပွားရေးစာချုပ်စာတမ်းများ ချုပ်ဆိုနည်းစာအုပ်၊ ရင်းနှီးမြှုပ်နှံသူများလက်စွဲ၊ မြန်မာကုမ္ပဏီများ ဥပဒေစာအုပ်များသည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ချုပ်ဆိုလေ့ရှိသော MoU စာချုပ်များ၊ MoU(FS) စာချုပ်များ၊ BOT စာချုပ်များ၊ PPA စာချုပ်များ၊ မြေငှားစာချုပ်များ၊ BTA စာချုပ်များ၊ ROD စာချုပ်များ၊ MOI စာချုပ်များ၊ တင်ဒါစာချုပ်များ စသည့်စာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် အသုံးဝင်ကြောင်း တွေ့ရသည်။

### ပြည်သူ့အတွက် စာကြည့်တိုက်

ဥပဒေစာကြည့်တိုက်သည် ဥပဒေအရာရှိများနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းသောသူများအတွက် အသုံးဝင်သလို ပြည်သူများအတွက်လည်း အသုံးဝင်ပေသည်။ ဤစာကြည့်တိုက်ကို ဥပဒေစာကြည့်တိုက်ဟု အမည်ပေးထားသော်လည်း အများပြည်သူများ လေ့လာဖတ်ရှုနိုင်သော ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်စာစောင်များလည်းရှိသဖြင့် ပြည်သူ့အတွက် စာကြည့်တိုက်တစ်ခုလည်းဖြစ်ပေသည်။ ဥပဒေစာကြည့်တိုက်တွင် နိုင်ငံကျော်စာရေးဆရာကြီးများ၏ စာအုပ်အများအပြားကိုလည်း တွေ့ရသည်။ ဤစာကြည့်တိုက်တွင် စာအုပ်အမျိုးအစား စုံလင်သဖြင့် စာဖတ်သူကို စာကြည့်တိုက်က မပြန်ချင်အောင် ဆွဲဆောင်လျက်ရှိသည်။

### စာဖတ်ရှိန်မြှင့်တင်ခြင်း

ဥပဒေစာကြည့်တိုက်သည် စာအုပ်ငှားရမ်းသည့် ဝန်ဆောင်မှုပေးလျက်ရှိရာ စာကြည့်တိုက်အသင်းဝင်များနှင့် အသင်းဝင်မဟုတ်သူများလည်း စာကြည့်တိုက်သို့ လာရောက်စာဖတ်နိုင်ကြောင်း သိရသည်။ စာကြည့်တိုက်အသင်းဝင်များသည် ငှားရမ်းသည့် စာအုပ်များကို ပြင်ပသို့ ငှားရမ်းယူဆောင်ခွင့်ရှိပြီး အသင်းဝင်မဟုတ်သူများသည် စာကြည့်တိုက်တွင်သာ စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုနိုင်မည် ဖြစ်ကြောင်း သိရသည်။ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာအုပ်အများဆုံးငှားရမ်းဖတ်ရှုသူများကို တစ်လတစ်ကြိမ် ရွေးချယ်၍ ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

အချုပ်အားဖြင့် တင်ပြရလျှင် ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ခြင်း၊ စာကြည့်တိုက်များ တိုးချဲ့ဆောက်လုပ်ခြင်းသည် နိုင်ငံတော်၏ မူဝါဒဖြစ်သည့်အားလျော်စွာ မူဝါဒနှင့်အညီ ဥပဒေစာကြည့်တိုက် အသစ်တစ်ခုပေါ်ပေါက်လာခြင်းကိုဝမ်းမြောက်စွာဂုဏ်ပြုကြိုဆိုအပ်ပါသည်။ နိုင်ငံတစ်ဝန်းတွင်လည်း ယခုကဲ့သို့ ဥပဒေစာကြည့်တိုက်များစွာ ပေါ်ပေါက်လာမည်ဆိုပါက ဥပဒေဝန်ဆောင်မှုများ ပိုမိုအားကောင်းလာမည့်အပြင် ပြည်သူများအနေဖြင့် ဥပဒေအသိပညာများ တိုးပွားလာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# မြန်မာ - ထိုင်းနယ်စပ်ရှိ မြန်မာရွှေ့ပြောင်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများထောက်ပံ့

**ဘားအံ ဇွန် ၂၈**

မြန်မာ–ထိုင်း နယ်စပ်တစ်လျှောက်တွင် မြန်မာရွှေ့ပြောင်းအခြေခံပညာကျောင်းပေါင်း ၂၉ ကျောင်း ဖွင့်လှစ်ထားရှိပြီး KG တန်းမှ Grade–12 အထိ ကျောင်းသား ကျောင်းသူ ၅၅၃၄ ဦး ပညာသင်ကြားလျက်ရှိရာ ဇွန် ၂၇ ရက် မွန်းလွဲ ၄ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ပြည်နယ်အစိုးရအဖွဲ့မှ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မြန်မာရွှေ့ပြောင်းလုပ်သားများ၏ သားငယ်၊ သမီးငယ်များ ပညာသင်ကြားနိုင်ရေး ကူညီဆောင်ရွက်ပေးသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်စဉ် ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသားများသာဖြစ်သည့်အတွက် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ရေးတတ်ဖတ်တတ်ရုံမျှနှင့်မပြီးဘဲ ပညာတတ်များဖြစ်အောင် လေ့ကျင့်သင်ကြား မွေးထုတ်ပေးစေလိုကြောင်း၊ နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြစေလိုပြီး အခက်အခဲမရှိစေရန် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များ၊ နေထိုင်စားသောက်စရိတ်မှအစ မိမိတို့အစိုးရအဖွဲ့က တာဝန်ယူပေးသွားမည်ဖြစ်ပြီး အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာရွှေ့ပြောင်းလုပ်သားများ ပညာရေးကော်မတီ (BMWEC) လက်အောက်ရှိ စာသင်ကျောင်းများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ် ၅၅၄၃ စုံ၊ ဗလာစာအုပ် ၄၄၅၇ ဒါဇင်၊ ခဲတံ ဒါဇင် ၁၆၃၀၊ ဘောပင် ၂၂၂ ဒါဇင်ကို မြန်မာရွှေ့ပြောင်းလုပ်သားများပညာရေးကော်မတီ (BMWEC)ဥက္ကဋ္ဌ နော်ဆာစေဖိုးထံ ထောက်ပံ့ပေးအပ်ရာ BMWEC ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၂၇ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဘားအံ)ရှိ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်သည် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း နေရပ်မပြန်နိုင်သည့် ကျောင်းသား ကျောင်းသူ ၃၀ အတွက် ငွေကျပ်သိန်း ၃၀ ကို ထောက်ပံ့ကူညီပေးပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၏ နေ့လယ်စာသုံးဆောင်နေမှုကို လှည့်လည်ကြည့်ရှု၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





## မြဝတီ - ကော့ကရိတ် ကားလမ်းများ ပြန်လည်ဖွင့်လှစ်

**ကော့ကရိတ် ဇွန် ၂၈**

၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းမှစတင်ပြီး အကြမ်းဖက်သောင်းကျန်းသူများက ကော့ကရိတ်မြို့တွင်းနှင့် မြဝတီ – ကော့ကရိတ် အာရှလမ်းမကြီးကို ဝင်ရောက်နှောင့်ယှက်တိုက်ခိုက်မှုကြောင့် တိုက်ပွဲများဖြစ်ပွားကာ အာရှလမ်းမကြီးကို ယာယီပိတ်ထားခဲ့ရပြီး မော်တော်ယာဉ်များနှင့် ကုန်စည်များ ကူးသန်းသွားလာရောင်းဝယ်မှုများ ပြတ်တောက်ခဲ့ရကြောင်း သိရသည်။

ထို့ကြောင့် မော်တော်ယာဉ်များနှင့် ကုန်စည်များ ကူးသန်းသွားလာရောင်းဝယ်မှုများ အဆင်ပြေစွာ ပြန်လည်သွားလာနိုင်စေရေးအတွက် တာဝန်ရှိသူများက စီမံကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၇ ရက် ညနေ ၄ နာရီမှစတင်၍ မြဝတီဘက်မှ အာရှလမ်းဟောင်းအတိုင်း မြဝတီ – ဝေ့ရှမ်း – အောက်ဘိုတဲ – ရန်ကုတ်မှ တစ်ဆင့် ဘားအံမြို့သို့ ထွက်ခွာမည့် အိမ်စီးကားအသေးများ၊ ခရီးသည်ယာဉ်ငယ်များနှင့် ကုန်တင်ယာဉ်ငယ်များကို ကော့ကရိတ်မြို့ အမှတ် (၇)ရပ်ကွက် အမှတ်(၃)ဂိတ်(ခင်နိမ်းမူ)မှတစ်ဆင့် မြို့တွင်းဝင်ရောက်ပြီး တံတားကျိုးဂိတ်သို့ စတင်ဖြတ်သန်းသွားလာလျက်ရှိပြီး ဇွန် ၂၈ ရက် နံနက် ၇ နာရီခွဲမှစတင်၍ အေးချမ်းစွာ ပုံမှန်သွားလာနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကားလမ်းများ အေးချမ်းစွာပုံမှန်သွားလာမှု အခြေအနေများကို စစ်ဗျူဟာမှူးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ရေကျော်ကြီးကျေးရွာအုပ်စုရှိ တံတားကျိုးစစ်ဆေးရေးစခန်း ပြန်လည်ဖွင့်လှစ်မှုအခြေအနေများ၊ သက်ဆိုင်ရာဦးစီးဌာနများမှ ဝန်ထမ်းများ၏တာဝန်ထမ်းဆောင်မှု အခြေအနေများနှင့် မော်တော်ယာဉ်များ စစ်ဆေးခံယူမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၈

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် “Tin Zar Hlaing” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၂) ရပ်ကွက်နေ တင်ဇာလှိုင်အား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

